# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 13 February 2025 ၁၁၇၃၂


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ညနေ ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


**လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီစေရေးအတွက် နည်းပညာအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းသွားမည်** စာမျက်နှာ » ၆

**အထိုင်လျှော့ပါ၊ များများလှုပ်ရှားပါ၊ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး** ဆောင်းပါး စာမျက်နှာ » ၁၀

**အခုလို MSME ထုတ်ကုန်ပြပွဲတွေကျင်းပပေးတဲ့အတွက် ဒေသထွက်ကုန်တွေကို တစုတစည်းတည်း တိုက်ရိုက် ဝယ်ခွင့်ရလို့ ဝယ်ယူသူတွေအနေနဲ့လည်း ကျေနပ်ပီတိဖြစ်ကြမှာပါ** တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၂

ကြေးမုံ

# တည်ငြိမ်အေးချမ်းလုံခြုံမှုတည်ဆောက် လူမှုစီးပွားဘဝတိုးတက်မှုဆောင်ကြဉ်း

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးတို့ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း မွေးဖွားရာဇာတိ၊ နေထိုင်ရာဒေသ၊ ကြီးပြင်းရာဝန်းကျင်၊ ယုံကြည်ကိုးကွယ်ရာဘာသာ၊ ပြောဆိုရာစကား၊ မြတ်နိုးရာ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံများမတူကွဲပြားကြသော်လည်း ပြည်ထောင်စုသွေးချင်းသားချင်းများဖြစ်သည်ဟူသော အသိစိတ်ဓာတ်ဖြင့် တစ်ဦးအပေါ်တစ်ဦးသံသယမထားဘဲ တန်ဖိုးထားလေးစား ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံနေထိုင်လာခဲ့ကြသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ ပင်ကိုစိတ်ရင်းအနေဖြင့် မြန်မာတို့၏ မူရင်းစိတ်သဘောထားအတိုင်း မည်သည့်အခြေအနေမျိုးရှိသည်ဖြစ်စေ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုစိတ်ရှိခြင်း၊ ကိုယ်ချင်းစာနာစိတ်နှင့် အချင်းချင်းရိုင်းပင်းကူညီလိုစိတ် အပြည့်အဝရှိခြင်း၊ အရေးကြုံလျှင် သွေးဆုံပြီး စုပေါင်းကာကွယ်တွန်းလှန်လိုစိတ်ရှိခြင်း စသည့်ပကတိရိုးသားဖြူစင်သည့် ပင်ကိုစိတ်ရင်းစိတ်ထားများရှိကြသည်။ လူမျိုး၊ ဓလေ့၊ အသွေးအရောင်မတူကွဲပြားသော်လည်း ဤပြည်ထောင်စုကြီးအတွင်း အတူတကွနေထိုင်ကြသည့် “မြန်မာ”ဆိုသည့် အသိစိတ်ဓာတ်ဖြင့် လက်တွဲနေထိုင်ခဲ့ကြသည်မှာ နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်သည်။

သို့သော် ထိုကဲ့သို့ ကောင်းမြတ်သော ပင်ကိုစိတ်ရင်းများ မှေးမှိန်ညှိုးနွမ်းခန်းခြောက်မှုများရှိခဲ့သည်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှ လွတ်လပ်ရေးရရှိပြီးနောက် ယနေ့ထက်တိုင်အောင်ပင် ရှိနေပြီဟု ဆိုချင်ပါသည်။ ကိုလိုနီနယ်ချဲ့လက်ဟောင်းလက်သစ်တို့၏ ပရိယာယ်နှင့် လမ်းစဉ်အတိုင်း တိုင်းပြည်၏ ပြည်တွင်းရေးမတည်ငြိမ်အောင် နိုင်ငံသားအချင်းချင်း စိတ်ဝမ်းကွဲပြားစေမည့် အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်စသည်တို့ လွှမ်းခြုံသွတ်သွင်းပေးပြီး သံသယများ၊ အမုန်းတရားများကြီးထွားလာအောင် နှစ်ပေါင်းရှည်ကြာဖန်တီးလာခဲ့ကြရာ ယနေ့အခါတွင် သွေးကွဲခြင်း၏အကျိုးများကို ခံစားနေကြရသည်။

“စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသော နိုင်ငံသည် အမြဲထာဝရ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံမှာ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် လူမှုစီးပွားတိုးတက်မှုတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်”ဟု (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

နိုင်ငံရေးအယူအဆ ကွဲပြားမှုများမှ စတင်ဖြစ်ပေါ်လာသော ပဋိပက္ခအမျိုးမျိုးတို့သည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာဖြစ်နေသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပြဿနာနှင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် ပြည်ပနိုင်ငံအချို့သည် ပြည်တွင်းရေးပြဿနာကို ဒေသတွင်းပြဿနာအခြေအနေအထိ ဖြစ်ပေါ်လာအောင် ပုံဖော်ဖန်တီးနေသည်ကို သတိပြုရမည်ဖြစ်သည်။ တိုင်းပြည်စည်းလုံးညီညွတ်မှု ပြိုကွဲပါက တိုင်းပြည်သာ အင်အားချည့်နဲ့ပြီး ကိုလိုနီနယ်ချဲ့လက်သစ်များ ဝင်ရောက်စွက်ဖက်ပါဝင်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ ယင်းကိုသတိမမူဘဲ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ခြင်းမပြုဘဲ ဆက်လက်စိတ်ဝမ်းကွဲပြားပြီး အချင်းချင်းတိုက်ခိုက်ရန်ပြုနေကြမည်ဆိုလျှင် မိမိတို့အချင်းချင်းသာကြေပြုန်းပြီး တိုင်းပြည်ပြိုကွဲပျက်စီးသွားနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲနေစေရန်၊ သူတစ်ပါးလက်အောက်ခံနိုင်ငံမဖြစ်စေရန်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးစေရန်နှင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးတို့၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် အချင်းချင်းသံသယများပြေပျောက်၍ စည်းလုံးညီညွတ်မှု တိုးတက်ရရှိအောင် တိုင်းပြည်ပြိုကွဲပျက်စီးအောင် ဖန်တီးနေသည့် ပြည်တွင်း၊ ပြည်ပအခြေအနေအရပ်ရပ်ကို မှန်ကန်စွာရှုမြင်သုံးသပ်ဆင်ခြင်ပြီး အကြမ်းဖက်အဖျက်သမားများကို ဝိုင်းဝန်းတားဆီး ဟန့်တားတိုက်ဖျက်ကြရန် အထူးလိုအပ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ စိတ်တူကိုယ်တူတစ်သားတည်းရှိကြမှသာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအားလုံးအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ကိုရီးယားသမ္မတနိုင်ငံသို့ EPS စနစ်ဖြင့် မြန်မာလုပ်သား ၁၄၇ ဦးစေလွှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် မြန်မာလုပ်သား ၁၄၇ ဦးကို ယနေ့တွင် စေလွှတ်ခဲ့ကြောင်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှသိရသည်။

ယင်းကဲ့သို့စေလွှတ်သောကုန်ထုတ်လုပ်သားသစ် ၁၃၉ ဦး (သစ်တော ၁၉ ဦး) နှင့် ဆောက်လုပ်ရေးလုပ်သားသစ် ရှစ်ဦး စုစုပေါင်း ၁၄၇ ဦးသည် ယနေ့တွင် ရန်ကုန်မြို့မှ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်း UB 8301 (Charter Flight) ခရီးစဉ်ဖြင့် ရောက်ရှိခဲ့သည်။

ရောက်ရှိလာသော အလုပ်သမားများအား မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက ကြိုဆို၍ အလုပ်သမားများ သိရှိလိုက်နာသင့်သည့် အချက်များကို မှာကြားပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြောင်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သိရသည်။

ဇန်နဝါရီ ၁၅ ရက်ကလည်း ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် ကုန်ထုတ်လုပ်သားသစ် ၁၀၇ ဦးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်သားသစ် ၃၇ ဦး စုစုပေါင်း ၁၄၄ ဦး စေလွှတ်ခဲ့ပြီး ရန်ကုန်မြို့မှ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်း UB 8301 (Charter Flight) ခရီးစဉ်ဖြင့် ရောက်ရှိရာ မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက ကြိုဆို၍ အလုပ်သမားများ သိရှိလိုက်နာသင့်သည့် အချက်များကို မှာကြားပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့သည်ဟု သံရုံးက အသိပေးထုတ်ပြန်ခဲ့ကြောင်းသိရသည်။

**မေသက်**

## ဘားအံနှင့် လှိုင်းဘွဲ့မြို့နယ်ရှိ သမဝါယမအသင်းများ၏ လုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ဘားအံ ဖေဖော်ဝါရီ ၁၂**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေရယူ၍ လုပ်ငန်းများဆောင်ရွက်နေသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ဝဲကရင်ကျေးရွာရှိ ညီနောင်ရင်း သွင်းအားစုသမဝါယမအသင်း၏ ဩဇာမင်းသဘာဝမြေဩဇာ ထုတ်လုပ်မှုနှင့် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာရှိ ဆီစက်လုပ်ငန်းရှင် သမဝါယမအသင်းများ၏ ဆီစက်များသို့ ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများ သွားရောက် ကွင်းဆင်းကြည့်ရှုခဲ့သည်။

### အကျိုးရှိစွာ အသုံးပြု

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် အသင်းသားလုပ်ငန်းရှင်များ၏ ဆီထွက်သီးနှံကုန်ကြမ်းများ ဝယ်ယူသိုလှောင်ကြိတ်ခွဲမှု၊ မြေဩဇာကုန်ကြမ်းများ ဝယ်ယူသိုလှောင်၍ သဘာဝမြေဩဇာ ထုတ်လုပ်မှုများကို ကြည့်ရှုပြီးနောက် ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်က မိမိတို့လုပ်ငန်းတွင် မတည်ထောက်ပံ့ငွေများ အမှန်တကယ်အကျိုးရှိစွာ အသုံးပြု၍ ထွက်ရှိလာသည့် ကုန်ချောများကို သမဝါယမမူနှင့်အညီ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ရောင်းချနိုင်ရေး၊ ဆီထွက်သီးနှံစိုက်ပျိုးသည့် ဒေသခံတောင်သူများကို စည်းရုံး၍ သမဝါယမအသင်းများ ဖွဲ့စည်းနိုင်ရေးတို့အတွက် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၂-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၀ | ၃၂၇၀ | ၃၂၃၅ | ၃၀၇၀ | ၃၂၇၅ | ၃၂၉၀ | ၃၃၁၀ | ၃၂၃၀ | ၄၅၀၅ | ၃၅၂၀ | ၃၂၄၅ | ၃၂၄၅ | ၃၃၁၅ | ၃၂၈၀ | ၃၃၀၅ | ၃၅၆၀ | ၄၁၀၀ |
| 95 Ron | ၃၂၂၀ | ၃၃၃၀ | ၃၃၀၀ | ၃၂၃၀ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၀ | ၃၂၉၀ | ၄၅၆၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၁၀ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၃၅ | ၂၈၅၀ | ၂၈၀၅ | ၂၇၅၀ | ၂၈၅၅ | ၂၈၇၀ | ၂၈၉၀ | ၂၈၀၅ | - | ၃၁၀၀ | ၂၈၂၅ | ၂၈၂၅ | ၂၈၉၅ | ၂၈၆၀ | ၂၈၈၀ | ၃၁၄၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၇၀ | ၃၄၈၅ | ၃၄၅၀ | ၃၃၈၅ | ၃၄၉၀ | ၃၅၀၅ | ၃၅၂၅ | ၃၄၄၀ | ၄၈၃၀ | ၃၇၃၅ | ၃၄၆၀ | ၃၄၆၀ | ၃၅၃၀ | ၃၄၉၅ | ၃၅၁၅ | ၃၇၇၅ | - |
| HSD (10 ppm) | ၃၃၇၀ | ၃၄၈၅ | ၃၄၅၀ | ၃၃၈၅ | ၃၄၉၀ | ၃၅၀၅ | ၃၅၂၅ | ၃၄၄၀ | - | ၃၇၃၅ | ၃၄၆၀ | ၃၄၆၀ | ၃၅၃၀ | ၃၄၉၅ | ၃၅၁၅ | ၃၇၇၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၃ | ၃၀၇၆ |
| 95 Ron | ၃၀၄၂ | ၃၁၁၆ |
| HSD (500 ppm) | ၂၉၇၅ | ၂၆၅၆ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၈၃ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၈၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာ ဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့်ဇနီးများ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ အတွင်းရေးမှူးနှင့်ဇနီးတို့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

စာမျက်နှာ ၄ သို့ ☆



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၃ မှ

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

## ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမလဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ငြိမ်းချမ်းတမန် ဖိတ်ခေါ်သံ" ဂုဏ်ပြုတေးဂီတကဇာတ်ဖြင့် လည်းကောင်း၊ ကချင်တိုင်းရင်းသားရိုးရာ အကအဖွဲ့၊ ကယားတိုင်းရင်းသားရိုးရာ အကအဖွဲ့၊ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ဗမာတိုင်းရင်းသားရိုးရာ အကအဖွဲ့၊ မွန်တိုင်းရင်းသားရိုးရာ အကအဖွဲ့၊ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသားရိုးရာ အကအဖွဲ့တို့က တိုင်းရင်းသားရိုးရာ တေးသီချင်းများဖြင့် လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက "ပြည်ထောင်စု တိုင်းရင်းသားတို့မြေ" ယိမ်းအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင်များ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

**၁ ကျောဖုံးမှ**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနု ရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင်အကောင်အထည်ဖော်ရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက်တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများလက်တွဲပူးပေါင်း ဆောင်ရွက်ရေး၊ ပြည်ထောင်စုတိုင်းရင်းသား အားလုံးတိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေးဟူသည့် အမျိုးသားရေးဦးတည်ချက်(၅) ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ဦးစွာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၅ နာရီခွဲတွင်ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

**ချီတက်နေရာယူ**

ထို့နောက် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားတိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

**အခမ်းအနားကို ရုပ်သိမ်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တရားသူကြီးများ၊ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားတိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



တက်ရောက်လာကြသည့် တိုင်းရင်းသား တိုင်းရင်းသူများ နိုင်ငံတော်အလံကို အလေးပြုကြစဉ်။

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပသည့် နေရာသို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။



ထို့နောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာပြခန်းများနှင့် ဂီတပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသည့် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာပြခန်းများအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာပြခန်း ၅၉ ခန်းနှင့် လာရောက်လည်ပတ်ကြသူများ စားရေးသောက်ရေးအဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေး စားသောက်ဆိုင်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များ၊ MSME အရောင်းဆိုင်ခန်းများ အပါအဝင် ဆိုင်ခန်း ၁၆၀ ကျော်တို့ဖြင့် ဖေဖော်ဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသူများ အဆင်ပြေချောမွေ့စေရန်အတွက် YBS ယာဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးထားသဖြင့် လာရောက်လည်ပတ်သူများ စိတ်ချမ်းမြေ့လျက်ရှိပြီး အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ဇော်မင်းလတ် – MNA**

# လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်မှု ညှိနှိုင်းအစည်းအဝေး ကျင်းပ

## လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီစေရေးအတွက် နည်းပညာအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းသွားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်မှုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပလျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း ယာယီကွပ်ကဲရေးရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဖွဲ့စည်းထားရှိသည့် ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီအသီးသီးမှအဖွဲ့ဝင်များ၊ ဆက်စပ်ဝန်ကြီးဌာန အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြခန်းများတွင် လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုနှင့် ပတ်သက်၍ စက်ပစ္စည်းများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ ယခုထက် ပိုမိုကောင်းမွန်သည့် စက်ကိရိယာများ ဖြစ်စေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုခဲ့ပါကြောင်း၊ ထို့ကြောင့် လယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီစေရေးအတွက် နည်းပညာအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ တောင်သူများ လိုအပ်သည့် လယ်ယာသုံး စက်ပစ္စည်း ကိရိယာများအား ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်း ကိရိယာများကို ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် နည်းပညာ ဖလှယ်နိုင်ရေး၊ အကြံဉာဏ်များ ရရှိရေး၊ ပိုမိုကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့အတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြခန်းကိုယ်စားလှယ်များက မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ပြီး လက်တွေ့အသုံးချနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြကာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခဲ့မှု၊ (၆)တန်းသွား လက်ဆွဲကောက်စိုက်စက်အား သုတေသနပြုလုပ်၍ တီထွင်ထုတ်လုပ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လယ်ယာသုံး စိုက်ပျိုးရေးကိရိယာများကို ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းရှင်များ မထုတ်လုပ်နိုင်သည့် စက်ပစ္စည်းကိရိယာအစိတ်အပိုင်းများရှိပါက ထုတ်လုပ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လယ်ယာသုံးပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့်တောင်သူများ၏ လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး /ပြည်နယ်အသီးသီးမှ ထုတ်လုပ်လျက်ရှိသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား ယခုထက် ပိုမိုအရည်အသွေးကောင်းမွန်စေရေးအတွက် လုပ်ငန်းရှင်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမှစ၍ စနစ်တကျ စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထုတ်ကုန် ပစ္စည်းများ အမြောက်အမြား ထုတ်လုပ်နိုင်လျှင် ဈေးနှုန်းလည်းကျဆင်းမည်ဖြစ်၍ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုနည်းပညာ အဖွဲ့များ ဖွဲ့စည်း၍ ကောင်းမွန်သည့်စီမံခန့်ခွဲမှုစနစ်များဖြင့် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း လုပ်ငန်းများသည် စနစ်တကျဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်နိုင်ရေးအတွက် တွေ့ကြုံနေရသည့် အခက်အခဲများ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အချက်များ၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင် ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဆိုင်ရာအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ်မီသီးနှံ ကာကွယ်ရေးနည်းစနစ်များကို တောင်သူများ လက်ဝယ်အရောက် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲနှင့် မြေအသုံးချရေးဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သီးနှံများ အရည်အသွေးကောင်းမွန်ရေး၊ စားသုံးသူ ဘေးကင်းလုံခြုံရေးအပါအဝင် သီးနှံများ စတင်စိုက်ပျိုးသည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် GAP စံနှုန်းများနှင့်အညီ ဆောင်ရွက်မှုဖွံ့ဖြိုးလာရေး ကြိုးပမ်းကြရန်လိုကြောင်း၊ စပါး၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲနှင့် ဝါသီးနှံများအပြင် ပြည်ပသို့ တင်ပို့ရောင်းချနေသော သီးနှံများအားလုံး GAP ကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ အလားတူ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နည်းပညာဖြန့်ဖြူးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပန်းတိုင်အထွက်နှုန်း မထိခိုက်စေရေးနှင့် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ သီးနှံလေလွင့်ဆုံးရှုံးမှု နည်းပါးစေရေး၊ ပိုးသတ်ဆေးနှင့် ဓာတုဆေးဝါးများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို မပျက်စီးစေရန် ခေတ်မီသီးနှံကာကွယ်ရေးနည်းစနစ်များကို တောင်သူများလက်ဝယ်အရောက် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ သီးနှံကာကွယ်ရေးဌာန တာဝန်ရှိသူက ဌာန၏ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြေအသုံးချရေးဌာနခွဲသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရေနှင့်ပတ်သက်သည့်သုတေသန၊ မြေဆီလွှာနှင့် ပတ်သက်သည့်သုတေသနများ ဆောင်ရွက်ရန်၊ အာဟာရတစ်မျိုးချင်းအလိုက်၊ သီးနှံ တစ်မျိုးချင်းအလိုက် မြေတွင်းမြေလွှာနှင့် မြေတွင်းရေလွှာ အာဟာရဓာတ်စုပ်ယူမှု၊ မြေတွင်းရေပမာဏ ဆက်စပ်မှုများကို လေ့လာရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ရွှေတိဂုံစေတီတော်နှင့်သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။



**ဆက်ကပ်လှူဒါန်း**

ဦးစွာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများက ညှိနှိုင်းတာဝန်ဆောင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြပြီး စိန်ရောင်ခြည် ဘုရားပင့် ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊နတ်ဖြဟ္မာများကို ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ မဟာသမယသုတ်ပါဠိတော်ကို စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆုတောင်း၊ အမျှဝေ၊ သာခုခေါ်ဆိုခြင်း၊ နတ်ဖြဟ္မာများကို ပြန်လည်ပို့ဆောင်ခြင်းတို့ ပြုလုပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား စေတီတော်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ထမနဲဆွမ်းတော်ကြီးလောင်းလှူပွဲကို ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၄၆ ပါးတို့အား ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ထမနဲဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

ဆက်လက်၍ အနုမောဒနာ ရေစက်ချပွဲအခမ်းအနားကို စေတီတော်ရင်ပြင် မြောက်ဘက်မုခ်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကရေဓမ္မဘဏ္ဍာဂါရိကအဂ္ဂမဟာပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ ပါဠိပါရဂူ တိပဋကရေ တိပိဋက ကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ထံမှ ညှိ ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးလှမြင့်က ဇယမင်္ဂလာအနုမောဒနာ စာတမ်းလွှာကို လျှောက်ထားသည်။

ယင်းနောက် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကိုနာယူပြီး ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သ.စ.အ ဓမ္မာစရိယ ဝဋံ့သကာပါဠိပါရဂူ စေတိယင်္ဂဏပဝရသိရီမဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ ဆရာတော်) ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကာ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့အခမ်းအနားကို ဂေါပကအဖွဲ့ရုံး အာရုံခံတန်ဆောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုကိုဇော် (MNA)**

# ရမည်းသင်းမြို့နယ်၌ သံဃာအပါး ၄၇၅ ပါး ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ရမည်းသင်း ဖေဖော်ဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှကျေးရွာရှိ ဒက္ခိဏာရာမ မဟာမုနိဘုရားကြီး၏ (၆၆) ကြိမ်မြောက် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့တွင် အဆိုပါဘုရားကြီးပရိဝုဏ်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**လောင်းလှူ**

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကျောင်းပေါင်း ၄၇ ကျောင်းမှ ပင့်သံဃာ ၄၇၅ ပါး ကြွရောက်ကြရာ ဆွမ်းဆန်တော်၊ လှူဖွယ်အစုစုနှင့် နဝကမ္မဝတ္ထုငွေတို့ကို မြို့လှအုပ်စုအတွင်းရှိ မြို့လှရွာ၊ သီးကုန်းရွာ၊ တံတားဦးရွာ၊ ငှက်ပျောတော၊ မြို့ဟောင်းရွာ ပတ်ဝန်းကျင်အုပ်စုအတွင်းမှ ကျေးရွာများ၊ ရမည်းသင်းမြို့နှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက လာရောက်လောင်းလှူကြသည်။

အလှူရှင်များက ထမနဲ၊ မုန့်ဟင်းခါး၊ မုန့်လက်ဆောင်း၊ လက်ဖက်သုပ်၊ ဖျော်ရည် စသည်တို့ဖြင့် လာရောက်ကြသော ဧည့်ပရိသတ်များအား အာဟာရဒါန ကျွေးမွေးဧည့်ခံခဲ့ကြကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



# မိုးညှင်းမြို့၌ အခြေခံဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲ ကျင်းပ

မိုးညှင်း ဖေဖော်ဝါရီ ၁၂

ကချင်ပြည်နယ် မိုးညှင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အခြေခံဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်မြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆိုင်ကယ်ပြုပြင်လုပ်ငန်း ထူထောင်လုပ်ကိုင်မည့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်နှင့် လုပ်ငန်းသုံးပစ္စည်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ကြပြီး သင်တန်းဆင်းပွဲတွင် ဆိုင်ကယ်ပြုပြင်လုပ်ငန်းထူထောင်လုပ်ကိုင်ကြမည့် သင်တန်းသားများကိုပေးအပ်ရန် ခင်းကျင်းပြသထားသည့် ကိရိယာပစ္စည်းမျိုးစုံကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**



# ဘိုကလေးမြို့နယ်ရှိ စာသင်ကျောင်းများ၌ မီးဘေးလုံခြုံရေး စစ်ဆေး

ဘိုကလေး ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ပေါ်ရှိ စာသင်ကျောင်းများအား မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ ပူးပေါင်းကာ ယမန်နေ့ မွန်းလွဲပိုင်းတွင် လိုအပ်သည်များအား စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

စစ်ဆေးဆောင်ရွက်ရာတွင် စာသင်ကျောင်းများ၌ မီးသတ်ဆေးဘူးထားရှိမှု၊ လျှပ်စစ်သွယ်တန်းသုံးစွဲမှု၊ မီးသုံးစွဲမှု၊ မီးဘေးတားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှု အခြေအနေများကို စစ်ဆေးကာ လိုအပ်သည်များကို လိုက်နာဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြကြောင်း သိရသည်။



**ဟိန်းမိုး**

# သာပေါင်းမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်



သာပေါင်း ဖေဖော်ဝါရီ ၁၂

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် ယနေ့ နံနက် ၉ နာရီက အမှတ်(၃) ရပ်ကွက် ကမ်းနားလမ်းရှိ နေယုဆန်စက်သို့ မြို့နယ် မီးဘေးလုံခြုံရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသိပညာပေး ကြပ်မတ် စစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။

မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် နေယုဆန်စက်တွင် လုံခြုံရေး၊ မီးသတိမူရေး၊ လျှပ်စစ်မီးသုံးစွဲမှုများ၊ လောင်စာများ သိုလှောင်ထားရှိမှု၊ မီးဘေးလုံခြုံရေးပစ္စည်းကိရိယာများ စုဆောင်းထားရှိမှုတို့ကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို
တတ်နိုင်သမျှ လျှော့စားစို့

# ပုသိမ်မြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲက ကျောက်တိုင်အားကစားကွင်းတွင် ကျင်းပသည်။

**ဌာနဆိုင်ရာတာဝန်ရှိသူများ**

ဦးစွာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများက နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို နံနက် ၇ နာရီတွင် အဆိုပါကွင်း၌ ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊





အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

**ပြခန်းစုစုပေါင်း ၁၀၀ ပါဝင်**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများကို ဖေဖော်ဝါရီ ၁၁ ရက်မှစတင်၍ ဌာနဆိုင်ရာပြခန်းများ၊ ခရိုင်ရှစ်ခရိုင်မှ MSMEs ထွက်ကုန်ပြခန်းများနှင့် သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာ စသည့် စိုက်ပျိုးရေးသွင်းအားစုပြခန်းများ၊ ဒေသအစားအစာဆိုင်ခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၁၀၀ ပါဝင်ပြသထားရှိရာ ယနေ့နံနက်ပိုင်းတွင် ဒေသခံပြည်သူများဖြင့် လာရောက်လေ့လာဝယ်ယူအားပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ပဲခူးမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**အလေးပြုကြ**

ဦးစွာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက နံနက် ၅ နာရီခွဲတွင် အလံတင်ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံအား အလံတိုင်ထိပ်သို့ လွှင့်တင်၍ အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားများ တက်ရောက်ကြပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား ဖတ်ကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းဖွင့်ပွဲ တက်ရောက်

ထားဝယ် ဖေဖော်ဝါရီ ၁၂

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးတို့က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဌာနဆိုင်ရာများ၏လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုပြကွက်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာပစ္စည်းများနှင့်လုပ်ငန်းများ၊ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသောဒေသထွက်ကုန်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများနှင့် တူရိယာပစ္စည်းများ၊ ပိုလီတက္ကနစ်တက္ကသိုလ်(ထားဝယ်)မှ ပြသထားသည့် Product Show သင်ထောက်ကူပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းနှင့် Reference Book များ၊ ဒေသမှ ထွက်ရှိသော MSME ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုအားပေးသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းတွင် ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ခင်းကျင်းပြသထားလျက်ရှိရာ ဒေသခံပြည်သူများက ပြခန်းများကို လာရောက်ကြည့်ရှုအားပေးကြပြီး ဖေဖော်ဝါရီ ၁၃ ရက်အထိ ခင်းကျင်းပြသပေးမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၁၃ ရက် ညနေပိုင်းတွင် ဒေသခံပြည်သူများအား စင်တင်တေးဂီတများဖြင့် ဧည့်ခံသီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုလောမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပ

ပုလော ဖေဖော်ဝါရီ ၁၂

တနင်္သာရီတိုင်း ဒေသကြီး ပုလောမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ပုလောမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို



ပုလောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက ဖတ်ကြားသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပင်လုံသစ္စာ၊ သွေးချင်းတို့ရဲ့မြေ စသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲ ဆုရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

အေးအေးမော်(ပုလော)

# ဒေါပုံမြို့နယ်၌ ဖူဆယ်ပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲများ ကျင်းပ

ဒေါပုံ ဖေဖော်ဝါရီ ၁၂

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဒေါပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အပျော်တမ်းဖူဆယ်ပြိုင်ပွဲနှင့် အလယ်တန်းကျောင်းပေါင်းစုံဖူဆယ်ပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲများကို ယနေ့နံနက် ၉ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။



ဖူဆယ်ပြိုင်ပွဲများသို့အပျော်တမ်း ဖူဆယ်ပြိုင်ပွဲစဉ်တွင် အသင်းရှစ်သင်းနှင့် အလယ်တန်းကျောင်းပေါင်းစုံ ဖူဆယ်ပြိုင်ပွဲတွင် အသင်းငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိခဲ့ကြသည့် အသင်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ချစ်စုဝေ(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများ စည်ကားသိုက်မြိုက်စွာကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ယနေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖတ်ကြားကြသည်။

ထို့နောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ ဌာနဆိုင်ရာ အသိပညာပေးပြခန်းများနှင့် ပုဂ္ဂလိကပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့ပြင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသူများအား တိုင်းရင်းသားရိုးရာအစားအစာ စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

ညပိုင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ ရောင်စုံမီးပန်းအလှများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်ကော်မြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲက လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား အလေးပြုခဲ့ကြသည်။



ယင်းနောက် နံနက်၇ နာရီတွင် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကျင်းပသည့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသည့် ဆရာ ဆရာမများ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဆုရ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသားများနှင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျွန်းလှ၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

**ကျွန်းလှ ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဖြိုးသန့်ဇင်ထွန်းက ဖတ်ကြားသည်။

ယင်းနောက် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများနှင့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပပြီး ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရအသင်းများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



# စစ်တွေမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကိုယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဧညဝတီအားကစားကွင်းနှင့် ဦးဥတ္တမခန်းမတို့၌ ကျင်းပသည်။

ဦးစွာ နံနက် ၇ နာရီတွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဂုဏ်ပြုတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဦးဥတ္တမခန်းမ၌ ကျင်းပသော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# အထိုင်လျှော့ပါ၊ များများလှုပ်ရှားပါ၊ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး

အထိုင်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းစသော ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် လူမှုဘဝနေထိုင်မှုပုံစံတို့ကို ရှောင်ရှားပြီး ကိုယ်လက်လှုပ်ရှားမှုနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်းစသော ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝနေထိုင်မှုပုံစံများ တိုးတက်လာစေရေးအတွက် ဤဆောင်းပါးကို ရေးသားပါသည်။

ဒေါက်တာရဲတင့်လွင်
(ဆေးသုတေသန)

ရှေးဦးစွာ အထိုင်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့၏ ဆိုးကျိုးများကို တင်ပြလိုပါသည်။ ကိုယ်လက်လှုပ်ရှားနည်းပါးခြင်းကြောင့် မကူးစက်နိုင်သော နာတာရှည်ရောဂါများ (Non-communicable Diseases) ဖြစ်သည့် အဝလွန်ရောဂါ၊ ဆီးချိုသွေးချို၊ သွေးတိုး၊ နှလုံးသွေးကြောနှင့် ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်ပါသည်။ ယခုအခါ ယင်းရောဂါများဖြစ်ပွားနှုန်းသည် အလွန်လျင်မြန်စွာ မြင့်တက်လာပြီး ကပ်ရောဂါအသွင်ဆောင်လာသည့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem) တစ်ခု ဖြစ်လာပါသည်။



## အထိုင်များခြင်း၏ဆိုးကျိုးများ

အထိုင်များခြင်းသည် ခန္ဓာကိုယ်ဝမ်းဗိုက်အဆီစုခြင်း(ဗိုက်ရွှဲခြင်း)၊ သွေးတွင်းကိုလက်စထရောများခြင်းနှင့် အင်ဆူလင်ဟော်မုန်းအာနိသင်လျော့ကျခြင်းတို့ ဖြစ်စေနိုင်သောကြောင့် နှလုံးသွေးကြော၊ သွေးတိုး၊ ဆီးချိုရောဂါတို့ကို ဆက်နွယ်ဖြစ်ပွားစေနိုင်ပါသည်။

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းသည် ကမ္ဘာတစ်လွှားတွင် နှလုံးသွေးကြောရောဂါ ခြောက်ရာခိုင်နှုန်း၊ သွေးချိုဆီးချိုရောဂါ ခုနစ်ရာခိုင်နှုန်း၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ ၁၀ ရာခိုင်နှုန်းအထိ ဖြစ်ပွားနှုန်းမြင့်တက်စေနိုင်ပြီး အချိန်မတိုင်မီ သေဆုံးနှုန်းကို ကိုးရာခိုင်နှုန်းအထိ တိုးစေကြောင်း ၂၀၀၈ ခုနှစ် မှတ်တမ်းအရ သိရှိရပါသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းသည် တစ်နှစ်လျှင် လူဦးရေ ၃ ဒသမ ၃ သန်းခန့် သေဆုံးစေသော ကျန်းမာရေးအန္တရာယ်ဖြစ်စေသည့် စတုတ္ထမြောက် ဦးဆောင်အကြောင်းအချက်ဖြစ်ကြောင်း ၂၀၀၄ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ပြခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းပြုလုပ်မှု အတိုင်းအတာပမာဏနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် သုတေသနပြုလုပ်ချက်များအရ လေ့လာသူဦးရေ၏ ၁၅ ဒသမ ၇ ရာခိုင်နှုန်း (အမျိုးသား ၁၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၈ ဒသမ ၈ ရာခိုင်နှုန်း) တို့သည် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပြုလုပ်မှုနည်းပါးကြောင်း တွေ့ရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် သေဆုံးသူအားလုံး၏ ၆၈ ရာခိုင်နှုန်းသည် မကူးစက်နိုင်သောရောဂါကြောင့်ဖြစ်ပြီး ကိုယ်ခန္ဓာလှုပ်ရှားမှု နည်းပါးခြင်းသည် မကူးစက်နိုင်သောရောဂါဖြစ်စေနိုင်သော စတုတ္ထမြောက် ဦးဆောင်အကြောင်းအရာဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ် လေ့လာတွေ့ရှိချက်အရ ကမ္ဘာတစ်လွှားတွင် အရွယ်ရောက်ပြီး လူကြီး သုံးပုံတစ်ပုံခန့်နှင့် ပျိုဖော်ဝင်ချိန် လူငယ် ၈၁ ရာခိုင်နှုန်းသည် ကိုယ်ခန္ဓာလှုပ်ရှားမှုနည်းပါးသော စာရင်းဝင်နေကြောင်း တွေ့ရှိရပါသည်။

အထိုင်များသော လူနေမှုပုံစံ (Sedentary Lifestyle)ဆိုသည်မှာ အိပ်စက်မနေဘဲ နိုးနေချိန်တွင် ကိုယ်လက်လှုပ်ရှားမှုအတိုင်းအတာ နည်းပါးသော တီဗွီကြည့်ခြင်း၊ ကွန်ပျူတာဂိမ်းကစားခြင်း၊ ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းအသုံးပြုချိန်များခြင်း၊ လဲလျောင်းအနားယူချိန်၊ ထိုင်နေချိန်များခြင်းတို့ ဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားနည်းပါးသည့် (Physical Inactivity)ဆိုသည်မှာ အတော်အသင့်ပြင်းထန်မှုရှိသော ကိုယ်ခန္ဓာလှုပ်ရှားမှု ရက်သတ္တတစ်ပတ်လျှင် မိနစ် ၁၅၀ (သို့မဟုတ်) ပြင်းထန်သော ကိုယ်ခန္ဓာလှုပ်ရှားမှု တစ်ပတ်လျှင် ၇၅ မိနစ်ပြည့်အောင် ဆောင်ရွက်ခြင်းမရှိသော နေထိုင်မှုမျိုးကို ဆိုလိုပါသည်။

သို့ဆိုလျှင် ကျန်းမာရေးပြဿနာဖြစ်စေနိုင်သော ဤလူနေမှုပုံစံနှစ်မျိုးကို ရှောင်ကြဉ်ကြရမည် ဖြစ်ပါသည်။

## အကျိုးကျေးဇူးများ

**ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ကလေး၊ လူငယ်များတွင် ကျန်းမာသော ကိုယ်အလေးချိန်ရှိခြင်း၊ ပညာရည်စွမ်းဆောင်မှုကောင်းခြင်း၊ မိမိကိုယ်မိမိတန်ဖိုးထားခြင်း (Self-esteem)၊ နှလုံးသွေးကြောရောဂါဖြစ်ပွားရန် အန္တရာယ်နည်းပါးခြင်း၊ အဝလွန်ရောဂါမဖြစ်ခြင်း၊ အရွယ်ရောက်ပြီးလူကြီးများတွင် ပုံမှန်ကိုယ်အလေးချိန် ထိန်းသိမ်းနိုင်ခြင်း၊ နေ့စဉ်ဆောင်ရွက်ဖွယ်များကို ကောင်းစွာလုပ်ဆောင်နိုင်ခြင်း၊ စိတ်ဖိစီးမှုကိုခံနိုင်ရည်ရှိခြင်း၊ စိတ်ကျရောဂါဖြစ်ပွားမှုလျော့နည်းခြင်း၊ မကူးစက်နိုင်သောရောဂါများဖြစ်နိုင်သည့် အန္တရာယ်လျော့နည်းခြင်း၊ သက်ကြီးရွယ်အိုများတွင် ဘဝနေထိုင်မှုအဆင့်အတန်း (Quality of Life) ကို ကောင်းမွန်စေပြီး အမှီအခိုကင်းစွာနေထိုင်နိုင်ခြင်း၊ ကိုယ်ခန္ဓာခုခံအားကောင်းခြင်း၊ အရိုးပွမှုလျော့နည်းခြင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာခြင်း (Psychological Wellbeing)၊ ကိုယ်ခန္ဓာလှုပ်ရှားမှုနှင့် ဟန်ချက်ထိန်းသိမ်းနိုင်မှုကောင်းခြင်း၊ ရောဂါဖြစ်ပွားမှုကာကွယ်နိုင်ခြင်းတို့ ဖြစ်ပါသည်။**

ခန္ဓာကိုယ်ဇီဝကမ္မစနစ်များအကျိုးရရှိသည်သာမက စိတ်ပိုင်းဆိုင်ရာကျန်းမာခြင်း၊ မှတ်ဉာဏ်လျော့နည်းလာခြင်းရောဂါ(Dementia)နှင့် စိတ်ဓာတ်ကျခြင်း (Depression) ဖြစ်ပွားမှုလျော့ကျစေသည့်အပြင် စိတ်ပူပန်မှု (Anxiety)နှင့် စိတ်ဖိစီးမှု (Stress) များလည်း လျော့နည်းစေနိုင်ပါသည်။

ကမ္ဘာ့ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး (Exercise is Medicine)အဖွဲ့အစည်း၏ သုတေသနပြုဖော်ပြချက်အရ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်းဖြင့် ရောဂါဖြစ်စေနိုင်သည့် အန္တရာယ်အတိုင်းအတာပမာဏအားဖြင့် နှလုံးသွေးကြောရောဂါများကို ၄၀ ရာခိုင်နှုန်း၊ လေဖြတ်ခြင်းကို ၂၇ ရာခိုင်နှုန်း၊ အူမကြီးကင်ဆာကို ၆၀ ရာခိုင်နှုန်း၊ ရင်သားကင်ဆာဖြစ်ခြင်းကို ၅၀ ရာခိုင်နှုန်း၊ တင်ပဆုံရိုးကျိုးခြင်းကို ၅၈ ရာခိုင်နှုန်းနှင့် အရွယ်မတိုင်မီသေဆုံးမှုကို ၄၀ ရာခိုင်နှုန်း လျော့ကျစေနိုင်သည့်အပြင် စိတ်ပိုင်းဆိုင်ရာမှတ်ဉာဏ်လျော့နည်းခြင်းရောဂါ (Deunertia) ၃၀ ရာခိုင်နှုန်း၊ စိတ်ကစဉ့်ကလျားရောဂါ ၄၀ ရာခိုင်နှုန်းနှင့် စိတ်ကျရောဂါ (Depression) ၃၀ ရာခိုင်နှုန်း လျော့ကျနိုင်ကြောင်း တင်ပြထားပါသည်။

ထို့အပြင် သုတေသနဖော်ထုတ်ချက်များအရ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ရောဂါ ၂၆ မျိုး ကုသမှုတွင် အကျိုးရှိအသုံးပြုနိုင်ကြောင်း တင်ပြထားပါသည်။ ထိုရောဂါများမှာ (၁) စိတ်ရောဂါများ (စိတ်ကျခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း) (၂) အာရုံကြောရောဂါများ (မှတ်ဉာဏ်လျော့နည်းခြင်း၊ ပါကင်စင်ရောဂါ (Parkinson's Disease)၊ (၃) ဇီဝဓာတုဖြစ်စဉ်ပြောင်းလဲခြင်းရောဂါများ (အဝလွန်ခြင်း၊ သွေးတွင်းအဆီများခြင်း၊ သွေးချိုဆီးချိုရောဂါ)၊ (၄) နှလုံးသွေးကြောရောဂါများ (သွေးတိုး၊ နှလုံးရောဂါ) (၅) အဆုတ်နှင့်သက်ဆိုင်သောရောဂါများ (ပန်းနာရင်ကျပ်)၊ (၆) အရိုးအကြောအဆစ်ရောဂါများ (အရိုးပွ၊ သွေးလေးဖက်နာရောဂါ၊ ခါးနာရောဂါ၊ အဆစ်ရောင်ရောဂါ)နှင့် (၇) ကင်ဆာရောဂါများ (အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ စသည်) တို့ ဖြစ်ပါသည်။

## ကိုယ်လက်လှုပ်ရှားမှုဆိုသည်မှာ

ကိုယ်လက်လှုပ်ရှားမှု (Physical Activity) ဆိုသည်မှာ ကိုယ်ခန္ဓာကြွက်သားများမှ နားနေစဉ်အခြေအနေထက် စွမ်းအင်ပိုမိုသုံးစွဲ၍ ပြုလုပ်ရသော ကိုယ်ခန္ဓာလှုပ်ရှားမှုများကို ခေါ်ပါသည်။ ယင်းတို့မှာ နေ့စဉ်လုပ်နေကျ ထိုင်၊ ထ၊ လမ်းလျှောက်၊ ကိုယ်ခန္ဓာသန့်စင်၊ ရေချိုးစသည့်လှုပ်ရှားမှု (Daily Activity)၊ တစ်နေရာမှ တစ်နေရာသို့ သွားလာခြင်း (Transportation Activities)၊ အသက်မွေးဝမ်းကျောင်းအလိုက် လုပ်ကိုင်ရသောလှုပ်ရှားမှု (Occupational Activities)၊ အားလပ်/နားနေစဉ်ပြုလုပ်သော လှုပ်ရှားမှု (Leisure Time Activities) တို့ပါဝင်ပါသည်။

သီးသန့်အမည်ပေးထားသော ကိုယ်ခန္ဓာလှုပ်ရှားမှုနှစ်မျိုးရှိပါသည်။ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း (Exercise) နှင့် အားကစားလေ့ကျင့်ပြုလုပ်ခြင်း (Sports)တို့ ဖြစ်ပါသည်။

အားကစားလှုပ်ရှားမှုဆိုသည်မှာ အားကစားအမျိုးအစားအလိုက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ရပြီး ယှဉ်ပြိုင်အနိုင်ရရှိရေး ဦးတည်ဆောင်ရွက်သော ကိုယ်လက်လှုပ်ရှားမှုဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ရမည့် လှုပ်ရှားမှုအမျိုးအစား (Type)၊ ပြင်းထန်မှု (Intensity)၊ အချိန် (Time/Duration)၊ အကြိမ် (Frequency)တို့ကို စနစ်တကျ စီစဉ်ရေးဆွဲထားပြီး ယင်းအစီအစဉ်အတိုင်း စနစ်တကျ ပုံမှန်ရေရှည်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားမှုချင်း တူသော်လည်း ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် အသက်မွေးကျောင်းအလိုက် လုပ်ကိုင်ရသော လှုပ်ရှားမှု (Occupational Activities)တို့သည် ကျန်းမာရေးအတွက် အကျိုးဖြစ်ထွန်းမှုတွင် ကွာခြားပါသည်။ ကိုယ်လက်လှုပ်ရှားမှုမှ ကျန်းမာရေးအတွက် အကျိုးရရှိမှုသည် ပြုလုပ်သော ကိုယ်လက်လှုပ်ရှားမှုအမျိုးအစား (Type)၊ ပြင်းထန်မှု (Intensity)၊ အချိန်နှင့် အကြိမ်တို့ပေါ် မူတည်ပါသည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းသည် ကျန်းမာကြံ့ခိုင်ရေးအတွက် ဦးတည်၍ ဖော်ပြပါ အချက်များကို သုတေသနတွေ့ရှိချက်များအရ လိုအပ်သောပြင်းထန်မှု၊ အချိန်၊ အကြိမ်တို့ဖြင့် စနစ်တကျစီမံထားပြီး ကိုယ်ခန္ဓာလှုပ်ရှားမှုအမျိုးအစားတွင်လည်း သက်သောင့်သက်သာ ထိန်းချုပ်ထားမှုမရှိ လှုပ်ရှားရသောအနေအထားဖြင့် ဆောင်ရွက်နိုင်ပါသည်။ စိတ်လက်ပေါ့ပါးစွာဖြင့် သင့်တင့်လျောက်ပတ်သော အဝတ်အစား၊ အသုံးအဆောင်များ အသုံးပြုပြီး ပတ်ဝန်းကျင်ကောင်းမွန်သောနေရာဒေသတွင် ဆောင်ရွက်နိုင်ပါသည်။

ဆက်လက်ဖော်ပြပါမည်

> **ကိုယ်လက်လှုပ်ရှားနည်းပါးခြင်းသည် ကမ္ဘာတစ်လွှားတွင် နှလုံးသွေးကြောရောဂါ ခြောက်ရာခိုင်နှုန်း၊ သွေးချို၊ ဆီးချိုရောဂါ ခုနစ်ရာခိုင်နှုန်း၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ ၁၀ ရာခိုင်နှုန်းအထိ ဖြစ်ပွားနှုန်းမြင့်တက်စေနိုင်ပြီး အချိန်မတိုင်မီ သေဆုံးနှုန်းကို ကိုးရာခိုင်နှုန်းအထိ တိုးစေကြောင်း ၂၀၀၈ ခုနှစ်မှတ်တမ်းအရ သိရှိရပါသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းသည် တစ်နှစ်လျှင် လူဦးရေ ၃ ဒသမ ၃ သန်းခန့် သေဆုံးစေသော ကျန်းမာရေးအန္တရာယ်ဖြစ်စေသည့် စတုတ္ထမြောက် ဦးဆောင်အကြောင်းအချက်ဖြစ်ကြောင်း ၂၀၀၄ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ပြ**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ ပြခန်းများ ဓာတ်ပုံမြင်ကွင်း

ဓာတ်ပုံ-အလင်းသစ်၊ သန်းတင်အောင်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်းသို့ လာရောက်ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။



သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများအား လာရောက်ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။



တနင်္သာရီတိုင်းဒေသကြီးMSMEထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများအား လာရောက်ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများအား လာရောက်ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။



ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် တိုင်းရင်းသားရိုးရာအဝတ်အထည်များအား လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြသူများကို တွေ့ရစဉ်။



ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများအား လာရောက်ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။



မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများအား လာရောက်ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။

# အခုလို MSME ထုတ်ကုန်ပြပွဲတွေကျင်းပပေးတဲ့အတွက် ဒေသထွက်ကုန်တွေကို တစုတစည်းတည်း တိုက်ရိုက်ဝယ်ခွင့်ရလို့ ဝယ်ယူသူတွေအနေနဲ့လည်း ကျေနပ်ပီတိဖြစ်ကြမှာပါ

**ဒေါ်သင်းယုယုဝင်း**

နေပြည်တော်    ဖေဖော်ဝါရီ    ၁၂

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များ၊ ဒေသန္တရထွက်ကုန်များကိုအခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့် စက်ယန္တရားနှင့် နည်းပညာများကို အနယ်နယ်အရပ်ရပ်မှပြည်သူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြသည်။

ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ခင်းကျင်းပြသရောင်းချနေကြသူများ၏ ရင်တွင်းပီတိစကားသံများကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်-



ဦးမြင့်ဝင်း



ဒေါ်သင်းယုယုဝင်း



ဦးအောင်ကြိုင်



ဒေါ်သိန်းသိန်းငွေ



ဒေါက်တာအောင်နိုင်ဦး

**ဦးမြင့်ဝင်း**
**Super Seven Stars Industrial Development Co., Ltd.**
**တာဝန်ခံ**

အခု ခင်းကျင်းပြသထားတဲ့ ပြည်ထောင်စုနေ့ အခမ်းအနားမှာဆိုရင် အပိုင်းနှစ်ပိုင်းခွဲခြားပြသထားပါတယ်။ ထုပ်ပိုးမှုနည်းပညာနဲ့ ထုတ်လုပ်မှုနည်းပညာဆိုပြီး ပြသထားပါတယ်။ Industrial ပိုင်းမှာတော့ စက်ယန္တရားကြီးတွေ ပြသထားပါတယ်။ တစ်ကမ္ဘာလုံးမှာ လက်ရှိ ဖြစ်ပေါ်တိုးတက်နေတဲ့ ခေတ်မီနည်းပညာတွေကို မြန်မာနိုင်ငံမှာလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်အောင် လာရောက်ပြသခြင်းဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုအပိုင်းမှာဆိုရင် ကိုယ်ထုတ်လိုက်တဲ့ ထုတ်ကုန်ပစ္စည်းတွေကို အရည်အသွေးပိုင်း ဆိုင်ရာမှာ ပြည်တွင်း၌ အသုံးပြုနိုင်ရုံသာမက ပြည်ပသို့ တင်ပို့နိုင်လောက်တဲ့ စံချိန်စံညွှန်းမီ ထုတ်ကုန်ပစ္စည်းတွေဖြစ်အောင် ဘယ်လိုပစ္စည်းတွေ အသုံးပြုရမလဲဆိုတာ ပြသထားပါတယ်။ အခုလက်ရှိအချိန်မှာ ကျွန်တော်တို့ပြခန်းမှာ ရေငွေ့စိုထိုင်းဆကို တိုင်းတာတဲ့ ပစ္စည်းတွေကို ပြသထားပါတယ်။ ရေငွေ့စိုထိုင်းဆကို မထိန်းထားနိုင်ဘူးဆိုရင် စားသုံးသူတွေအတွက် ဆိုးကျိုးတွေပေးနိုင်ပါတယ်။ အဲဒီလိုမျိုးပစ္စည်းတွေကို ပြည်ပကိုတင်ပို့မယ်ဆိုရင် ဒီလိုစက်ပစ္စည်းတွေ အများကြီး လိုပါတယ်။ ဒီလိုမျိုးစက်ပစ္စည်းတွေကို နိုင်ငံတကာအဆင့်မီ သုံးနိုင်အောင် ပြသထားပါတယ်။ နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ အမြဲတမ်းပြောင်းလဲမှုတွေ ဖြစ်လာမှာပါ။ အခုလက်ရှိ နိုင်ငံပေါင်း ၃၆ နိုင်ငံနဲ့ ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါတယ်။ ပြောင်းလဲနေတဲ့ နည်းပညာတွေကိုလည်း အမြဲတမ်းလေ့လာလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လိုအပ်နေတဲ့ လုပ်ငန်းရှင်တွေအားလုံးကို နည်းပညာပိုင်းဆိုင်ရာ မျှဝေမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ အခုလိုပြပွဲပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် MSME လုပ်ငန်းရှင်တွေနဲ့ အတွေ့အကြုံတွေဖလှယ်ခွင့်ရရှိတယ်။ ကျွန်တော်တို့အတွက် လိုအပ်တာတွေလည်း အခြား MSME လုပ်ငန်းရှင်တွေဆီကနေ ရရှိပါတယ်။

**ဒေါ်သင်းယုယုဝင်း**
**လက်ထောက်ညွှန်ကြားရေးမှူး**
**သမဝါယမနှင့်**
**ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန**
**သမဝါယမဦးစီးဌာန**

ကျွန်မတို့ဝန်ကြီးဌာန MSME ပြခန်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ သမဝါယမအသင်းတွေရဲ့ ထုတ်ကုန်တွေနဲ့ အသင်းသားတွေရဲ့ ထုတ်ကုန်တွေကို ခင်းကျင်းပြသထားတာဖြစ်ပါတယ်။ အဲဒီလိုပြသရာမှာ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုက ထုတ်လုပ်တဲ့ စားသုံးဆီ၊ အောင်သဇင်သမဝါယမအသင်းစုကထုတ်လုပ်တဲ့ ဆန်၊ ပဲခူးတိုင်းဒေသကြီး ရွှေမြန်မာသမဝါယမအသင်းစုကထုတ်လုပ်တဲ့ ပန်းပုပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာနဲ့ လာရောက် ခင်းကျင်းပြသပြီး ဖြန့်ဖြူးရောင်းချတာပဲ ဖြစ်ပါတယ်။ ပြီးတော့ တနင်္သာရီတိုင်းဒေသကြီးက ထွက်ရှိတဲ့ ငါးပိ၊ ငါးခြောက်နဲ့ ကော်ဖီအမျိုးမျိုးကိုလည်း ပြသထားပါတယ်။ နေပြည်တော် ဖြူတ်ခွဲမှာရှိတဲ့ သားတင်ဦးသမဝါယမအသင်းက ထုတ်လုပ်တဲ့ မြေပဲဆီ၊ နှမ်းဆီနဲ့ နေကြာဆီတွေကို စက်ရုံကနေ တိုက်ရိုက်လာသွင်းပြီး ပြသထားပါတယ်။ အဲဒီလိုပါပဲ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဧရာရွှေနော်သမဝါယမအသင်းစုက ထုတ်လုပ်တဲ့ သင်ဖြူးဖျာတွေကိုလည်း ပြသထားပါတယ်။ ဒီထုတ်ကုန်အားလုံးကို အရည်အသွေး ကောင်းမွန်အောင်နဲ့ ဈေးနှုန်းချိုသာစွာနဲ့ ဖြန့်ဖြူးရောင်းချနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ အခုလို MSME ထုတ်ကုန်ပြပွဲတွေ ကျင်းပပေးတဲ့အတွက် ဒေသထွက်ကုန်တွေကို ဒေသတစ်ခုမှာထွက်ရှိတဲ့ ထုတ်ကုန်တွေကို အဲဒီဒေသမှာ သွားရောက်ဝယ်ယူစရာမလိုဘဲ ဒီ MSME ထုတ်ကုန်ပြပွဲမှာ တစုတစည်းတည်း တိုက်ရိုက်ဝယ်ခွင့်ရလို့ ဝယ်ယူသူတွေ အနေနဲ့လည်း ကျေနပ်ပီတိ ဖြစ်ကြမှာပါ။ နောက်တစ်ခုက နိုင်ငံတစ်ဝန်းမှာရှိတဲ့ MSME လုပ်ငန်းရှင်တွေ အနေနဲ့ အောင်မြင်နိုင်မယ့်အခွင့်အလမ်းတွေ၊ မတူညီတဲ့ဒေသတွေက လုပ်ငန်းရှင်တွေတွေ့ကြမယ်၊ အတွေ့အကြုံချင်း ဖလှယ်လို့ရမယ်၊ ထုတ်ကုန်တွေဖလှယ်လို့ ရမယ်လို့ မြင်ပါတယ်။

**ဦးအောင်ကြိုင်**
**မန်နေဂျာ**
**ရှင်မြို့နယ် သမဝါယမအသင်းစု**

ကျွန်တော်တို့ MSME ပြခန်းမှာ ကော်ဖီစေ့မှတစ်ဆင့် ကော်ဖီမှုန့် ထုတ်လုပ်တဲ့အဆင့်ထိ လာရောက်ပြသခြင်းဖြစ်ပါတယ်။ ရောင်းကုန်အနေနဲ့ကတော့ ကော်ဖီမှုန့်ထုပ် ၁၀၀ ဂရမ်နဲ့ ၁၅၀ ဂရမ်တွေကို ရောင်းချပေးပါတယ်။ ကျွန်တော်တို့ကော်ဖီလုပ်ငန်းဟာ ဈေးကွက်သိပ်မရှိသေးပါဘူး။ အခုလို လာရောက် ပြသတာကလည်း ကော်ဖီဈေးကွက်ကို ထိုးဖောက်ပြီးသားဖြစ်သလို ကော်ဖီရဲ့ နာမည်ကိုလည်း ကြော်ငြာပြီးသားဖြစ်တဲ့အတွက် လာရောက်ပြသခြင်းဖြစ်ပါတယ်။ အစကတော့ ကျွန်တော်တို့ထုတ်ကုန်ကို ပြသဖို့ ရည်ရွယ်ချက်မရှိပါဘူး။ အကြီးအကဲတွေက ပြသဖို့ကမ်းလှမ်းလာတဲ့ အတွက် ပြသဖြစ်သွားတာပါ။ အဲဒီလို အခွင့်အလမ်းပေးလိုက်တဲ့ အတွက် MSME ပြပွဲမှာ ပြသလိုက်တယ်။ အဲဒီလိုပြသလိုက်ခြင်းအားဖြင့် ကျွန်တော်တို့ကော်ဖီအတွက် ဝယ်ယူသူတွေများများ ရလာတယ်။ ကော်ဖီလည်း ရောင်းအား ကောင်းပါတယ်။ အခုလို ပြည်ထောင်စုအဆင့် MSME ပြပွဲမှာ လာရောက်ပြသခွင့်ရလို့လည်း နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်။

**ဒေါ်သိန်းသိန်းငွေ**
**MCB ဘဏ်**

မြန်မာနိုင်ငံ ဘဏ်များအသင်း ဥက္ကဋ္ဌရဲ့ လမ်းညွှန်မှုနဲ့ MSME ပြပွဲမှာ MCB ဘဏ်အနေနဲ့ လာရောက်ပြသခြင်း ဖြစ်ပါတယ်။ ကျွန်မတို့ဘဏ်အနေနဲ့ MSME လုပ်ငန်းရှင်များအတွက် အသေးစား၊ အလတ်စားနဲ့ အငယ်စားဆိုပြီး ချေးငွေတွေကို ထောက်ပံ့တဲ့အနေနဲ့ ချေးငွေတွေကို ထုတ်ချေးသွားမှာဖြစ်ပါတယ်။ အခုလက်ရှိ MSME ပြပွဲမှာ လာရောက်ကြတဲ့ MSME လုပ်ငန်းရှင်အချို့ကိုလည်း ဘဏ်အကောင့် ဖွင့်ပေးတာ၊ ကျွန်မတို့ဘဏ်မှာ စုငွေတွေစုချင်သူတွေကိုလည်း ငွေစုအကောင့်တွေဖွင့်ပေးတဲ့အပိုင်းတွေ ရှိပါတယ်။ ပြီးတော့ ကျွန်မတို့ဘဏ်အနေနဲ့ MSME လုပ်ငန်းရှင်တွေနဲ့ ထိတွေ့ပြီး Power Point နဲ့ ရှင်းပြတဲ့ အပိုင်းလေးတွေလည်း ရှိပါတယ်။ အဲဒါကလည်း ဘဏ်တွေအနေနဲ့ အလှည့်ကျဆောင်ရွက်ရတာဖြစ်ပါတယ်။ ဘဏ်တစ်ခုအနေနဲ့ နှစ်ရက်အချိန်ပေးထားပါတယ်။ ကျွန်မတို့ဘဏ်အနေနဲ့ ရှင်းပြတဲ့အပိုင်းကတော့ တစ်ရက်ပြီးသွားပါပြီ။ ဖေဖော်ဝါရီ ၁၄ ရက်နေ့မှာ တစ်ခုရှိပါသေးတယ်။ မြန်မာနိုင်ငံမှာ ကျွန်မတို့ဘဏ် ရပ်တည်လာတာ နှစ်ပေါင်း ၃၀ ကျော်ပါပြီ မြန်မာတစ်နိုင်ငံလုံးအနေနဲ့ ၅၇ ဘဏ်ရှိပါတယ်။ အခုလို MSME ထုတ်ကုန်ပြပွဲတွေကို ဆောင်ရွက်ပေးတဲ့အတွက် ကျွန်မတို့ဘဏ်တွေ အနေနဲ့ လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်မှုဖြစ်သွားမယ်၊ လုပ်ငန်းရှင်တွေအနေနဲ့လည်း ဘဏ်တွေနဲ့ချိတ်ဆက်လုပ်ကိုင်ရတဲ့ အတွက် အတိုးနှုန်းသက်သက်သာသာနဲ့ မိမိလုပ်ငန်းတွေ အောင်မြင်လာမယ်။ အဲဒီအတွက် နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာအောင်နိုင်ဦး**
**ညွှန်ကြားရေးမှူး**
**ငါးလုပ်ငန်းဦးစီးဌာန**

ကျွန်တော်တို့ MSME ထုတ်ကုန်ပြခန်းမှာတော့ ရေချိုငါးဖမ်းကိရိယာ၊ ရေငန်ငါးဖမ်းကိရိယာ၊ ရေငန်ငါးဖမ်း သင်္ဘောတွေ၊ ကောင်းမွန်တဲ့ရေသတ္တဝါ မွေးမြူရေးပုံငယ်တွေကို ခင်းကျင်းပြသထားပါတယ်။ ရေငန်ထွက်ကုန်ငါး၊ ပုစွန်တွေနဲ့ ရေချိုထွက်ကုန်ငါးပိ၊ ငံပြာရည်တွေကို ပြည်ပပို့ကုန်နဲ့ ပြည်တွင်းပို့ကုန်ဆိုပြီး ပြသထားပါတယ်။ ပြည်ပပို့ကုန်တွေဖြစ်တဲ့ ပုစွန်ဖြူ ကဏန်းပျော့၊ ငါးမြစ်ချင်းရေချို စတဲ့လုပ်ငန်းတွေရဲ့ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် အဆင့်ဆင့်ဖြန့်ဖြူးမှု အပိုင်းကိုလည်း ပြသထားပါတယ်။ MSME ထုန်ကုန်ပြပွဲတွေ ပြသခြင်းအားဖြင့် လာရောက်ကြည့်ရှုသူတွေအနေနဲ့လည်း ပြည်တွင်း၊ ပြည်ပထုတ်ကုန်တွေရဲ့ ထုတ်လုပ်ပုံအဆင့်ဆင့်ကို သိရှိသွားတယ်။ အဲဒီအတွက်လည်း ဝမ်းသာပါတယ်။



ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းသို့ လာရောက်ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ**
**အလင်းသစ်၊ သန်းတင်အောင်**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆက်လက်ကျင်းပ စိတ်အေးချမ်းသာစွာ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိ



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့တွင် ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်များ အရောင်းပြခန်းသို့ လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာ ကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။

ယနေ့သည် ပွဲတော်၏ တတိယနေ့သို့ ရောက်ရှိလာခဲ့သည့်အပြင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွက် စည်းလုံးညီညွတ်မှု အနှစ်သာရများစွာဖြင့် ပြည့်စုံလှသည့် ပြည်ထောင်စုနေ့ အခါသမယနှင့် အများပြည်သူရုံးပိတ်ရက် ဖြစ်သည့်အတွက် ယခင်ရက်များနှင့်မတူ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကျင်းပသည့် ပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တဖွဲဖွဲလာရောက်လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများကလည်း မိဘပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဆင်နွှဲနိုင်ရန်အတွက် ပွဲတော်ဝင်ပေါက်နေရာများတွင် လုံခြုံရေး အရစစ်ဆေးခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးကြသည်။



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့တွင် လာရောက်လေ့လာကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ယနေ့ပြပွဲ၏ ထူးခြားမှုအနေဖြင့် ပွဲတော်အတွင်း ပြသထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ရိုးရာအစားအသောက်များ၊ အထင်ကရနေရာပြခန်း၊ ပြကွက်များကို အသိပညာ ဗဟုသုတရရှိစေရန် လာရောက် လေ့လာကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများအပြင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (MSME ) များလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များ စိတ်ဝင်စားစွာ လာရောက်လေ့လာခဲ့ကြသည်ကို တွေ့မြင်ရသည်။

အဆိုပါ လုပ်ငန်းရှင်များအား ပြခန်းအလိုက် တာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း/ ပြည်ပဈေးကွက်များသို့ မိမိတို့ လုပ်ကိုင်နေသည့်လုပ်ငန်းများ အလိုက်လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေး ဆွေးနွေးမျှဝေပေးကြရာ MSME လုပ်ငန်းရှင်များ အတွက် ဆန်းသစ်သော ပြည်တွင်း၊ ပြည်ပပို့ ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်တော့မည်လည်း ဖြစ်သည်။

အလားတူ နိုင်ငံတော်တွင် လိုအပ်နေသည့် MSME ကဏ္ဍတွင် လူ့စွမ်းအား အရင်းအမြစ်များစွာ မွေးထုတ်ပေးနိုင်ရန်နှင့် ကျေးလက်နေ လူငယ်များ စက်မှုနှင့်သက်မွေးပညာကို အခြေခံသင်ကြားတတ်မြောက်ပြီး အလုပ်အကိုင် အခွင့်အလမ်း ရှာဖွေသည့် အချိန်တွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ စက်မှုနှင့် သက်မွေးပညာ ရွေ့လျားသင်တန်းကျောင်း ပြခန်းဖွင့်လှစ်ပြသပေးလျက်ရှိရာ စက်မှုနှင့် သက်မွေးပညာရပ်ကို စိတ်ဝင်စားကြသည့် လူငယ်များစွာ လာရောက်လေ့လာကြပြီး တာဝန်ရှိသူများက သင်တန်းကျောင်းတွင် သင်ကြားပေးလျက်ရှိသည့် အခြေခံလျှပ်စစ်ပညာသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်းနှင့် အခြေခံမော်တော်ယာဉ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်း အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းပြောကြားပေးခဲ့ကြသည်။

ထို့ပြင်ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာ တိုင်းရင်းသားရိုးရာ ပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များ အကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့် လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့တွင် လာရောက်လေ့လာကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

အဆိုပါ ပြခန်းများ၌လည်း အထူးပျော်ရွှင်စရာ အစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဓာတိမာန်ကို တက်ကြွစေမည့် သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများကလည်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းသည်လည်း တောင်ပေါ် မြေပြန့်မခွဲခြားဘဲ စည်းလုံးသည့် သွေးချင်းညီအစ်ကို စိတ်ထားကို အထူးပေါ်လွင်စေခဲ့သည်။

အလားတူ နေပြည်တော် ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အလိုက် ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ချစ်ခင်နှစ်သက်မြတ်နိုးစွာ ဝယ်ယူကြသည့်အပြင် သန့်ရှင်းလတ်ဆတ်စွာ ရောင်းချပေးလျက်ရှိသည့် တိုင်းရင်းသားရိုးရာ အစားအသောက်များကိုလည်း နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည့်အတွက် ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဓာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍ လည်းကောင်း မြူးကြွပျော်ရွှင်စွာ ဖျော်ဖြေကြရာ ပြည်သူများ ပျော်ရွှင်စွာ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ရောင်းချပွဲသို့ လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျလုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေး ဆေးပေးခန်းများ ဖွင့်လှစ်ထားရှိသည်ကို လည်း တွေ့ရှိရသည်။

အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပြသရောင်းချပေးလျက်ရှိရာ မိဘပြည်သူများ လာရောက်အားပေး လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်း– အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ – ဖိုးပြည့်စုံ**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာအနီး၌ တရားမဝင် အခြားသစ် ၂ ဒသမ ၀၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hilux Tiger ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ် ကညင်ကြီးကျေးရွာနှင့် မလွန်စမ်းကျေးရွာကြား၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ သယ်ဆောင်လာသည့် Loncin-125 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၅၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ဆိပ်ဖူးကျေးရွာ၌ လိုင်စင်မဲ့ Forland Truck ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချမ်းမြသာစည်မြို့နယ် ဦးပွားခုံးကျော် အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၃၂၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၆၁၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ် လှော်ကားရဲစခန်း အနီး၌ လိုင်စင်မဲ့ Toyota Estima ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၂ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၇၅၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၇၀၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၄၅၆၂၀၀၀)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ကန့်ဘလူမြို့နယ် ကိုးမြို့ကျေးရွာနှင့် သိုးဘိုးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒရုန်းများဖြင့် ဗုံးကြဲခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ် ကိုးမြို့ကျေးရွာနှင့် သိုးဘိုးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒရုန်းများဖြင့် ဗုံးကြဲခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို အသက်ပေး ကာကွယ်စောင့်ရှောက်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက် ရှိကြောင်း၊ အကြမ်းဖက် သမားများကသာ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို မငဲ့ကွက်ဘဲ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက် မီဒီယာများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၂-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော်(မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ဝင်ငွေသေချာရွှေနေကြာ
၀၉:၁၀ NRC အစီအစဉ်
၀၉:၄၀ နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်နဲ့စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ အနာဂတ်ရင်သွေးငယ်များစတင်ပျိုးထောင်ရာ မူလတန်းကြိုကျောင်းများဆီသို့
၁၁:၃၅ Next Level
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ဖိလစ်ပိုင်) 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၄၉)
၁၃:၃၀ MRTV National News
၁၄:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း
၁၅:၀၀ မျိုးဝှက်တင့်စေဆိုကရေးအတီးအမွေ
၁၆:၄၀ ရာသီစာမှသည်...ဈေးကွက်ဝင်စားဖွယ်ဆီ (ထမနဲ)
၁၇:၁၀ အနာဂတ်ရဲ့ကြယ်ပွင့်လေးများ
၁၇:၂၅ လူမှုစီးပွားသတင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရတနာပုံ' (ဇာတ်သိမ်းပိုင်း)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၁၅ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) 'အလင်းဝင်းသူများ' (အပိုင်း-၁၄)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

07:01 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
07:11 Shwezigon Pagoda
07:41 Ecotourism: Monywa Tourism Zone
08:01 News
08:27 Topics Potpourri; Reclaiming Cultural Heritage of Africa
08:32 Healthy Diet: Balanced Diet
08:38 Daytamotbarat Sasana Land
09:01 Discovering Tribes: Taikhamti (or) Khamti Shan (Their Life and Customs) (Part-2)
09:21 Tobacco Pipe Making Business (Ywar Lut Village)
09:27 Me & My Dancing Brother
10:01 News
10:27 Myanmar Childhood Games (Episode-1)

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ခေါင်လန်ဖူးသို့အလည်တစ်ခေါက်(အပိုင်း-၂)
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ဟားစည်သံဝေကယားမြေ
**ဝကေကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ထူးကဲအရသာ ကော်သူးလေဟင်းလျာ
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တွဲလက်ညီညီခရီးဆက်မည်(အပိုင်း-၃)
**ချင်း (ဇိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ (ရှိကျွန္ဒာကထင်ကျန်ထူးခြားခြေရာများ)
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
တောင်သူတို့အတွက် အရိပ်ပေး နိုင်လုံ့လက်ရာခမောက်လေး
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ကျောက်တော်တောင်ပွဲ (ဗုဒ္ဓပူဇနီယပွဲတော်)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
သံလွင်မြစ်နံဘေးက ဟိုလိန်းဓာတ်တော်စေတီ
**'ဝ' (၂၁:၀၀ မှ ၂၃:၀၀)**
သံထည်ဖြင့်ပြုလုပ်ထားသော လူ့အသုံးအဆောင်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူမိုက်တို့သွားရာလမ်း'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ((ဗီဂျီသမ္မတနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၈)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ တန်ဖိုးမြင့်မားမြန်မာ့ကော်ဖီစိုက်ကြပါစို့လား
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Modern Agriculture Machines That Are At Another Level 3.
၁၉:၂၀ Day in the life of a Small Farm
၁၉:၄၅ International Music Hits
၂၀:၀၀ လုတောသားနှင့်ယောက္ခမလောင်း(ဇာတ်လမ်း)
၂၂:၀၀ New Year Blues (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Weekly Soccer Preview
၇:၀၀ အားကစားသတင်း
၂၀:၀၀ တိုင်းဒေသကြီးနှင့်ပြည်နယ်အမျိုးသား (Replay) ဖူဆယ်ဘောလုံးပြိုင်ပွဲ (Yangon & Shan)

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တုံးဗျောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(တုံးဗျောကြီး)မှ ကျောင်းသားများ လိုက်ပါလာသည့် ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ကျောင်းသားများ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ ပြည်သူများနေထိုင်ရာ မြို့၊ ကျေးရွာများ၊ စာသင်ကျောင်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည့်အပြင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း စသည်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။





မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (တုံးဗျောကြီး)မှ မူလတန်းပြဆရာနှင့် ကျောင်းသား ခြောက်ဦးလိုက်ပါလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ကျောင်းသားနှစ်ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် မိုင်းစထိမှန်ခဲ့သည့် မော်တော်ယာဉ်အားတွေ့ရစဉ်။



မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (တုံးဗျောကြီး)မှ မူလတန်းပြဆရာနှင့် ကျောင်းသားခြောက်ဦးလိုက်ပါလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မြိတ်မြို့ တုံးဗျောကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (တုံးဗျောကြီး)မှ မူလတန်းပြဆရာ တစ်ဦးနှင့် ကျောင်းသား ခြောက်ဦးတို့သည် စာမေးပွဲများ ဖြေဆိုရန်အတွက် လိုအပ်သည့် စာသင်ခုံများသယ်ယူရန် တောင်ဖီလာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(တောင်ဖီလာ)သို့ ယာဉ်တစ်စီးဖြင့် ထွက်ခွာလာစဉ် တုံးဗျောကြီးကျေးရွာ၏ သုံးမိုင်ခန့်အကွာ တောင်ပုကျေးရွာအနီးသို့အရောက်၌ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကျောင်းသားများအနက် မောင်ထက်ရဲကိုနှင့် မောင်ထက်ရဲလင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားသည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ကျောင်းသားနှစ်ဦးအား မြိတ်မြို့ရှိနယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိပြီး မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# YBS ယာဉ်ပေါ်တွင် နှစ်ပတ်အတွင်း ခါးပိုက်နှိုက် ၁၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး ဖုန်းအလုံးရေ ၂၈၀ ကျော်အပြင် ငွေကျပ် ၁၀ သိန်းနှင့် သက်သေခံကားတစ်စီး သိမ်းဆည်းရမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

YBS ယာဉ်ပေါ်တွင်နှစ်ပတ်အတွင်း ခါးပိုက်နှိုက် ၁၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး ဖုန်းအလုံးရေ ၂၈၀ ကျော်အပြင် ငွေကျပ် ၁၀ သိန်းနှင့် သက်သေခံကားတစ်စီး သိမ်းဆည်းရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်ထံမှ သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၃၁ ရက်အထိ YBS ယာဉ်ပေါ် ခါးပိုက်နှိုက်တရားခံ ၁၂၀ ဖမ်းဆီး၊ သက်သေခံကား တစ်စီး၊ ဖုန်း ၂၈၂ လုံး၊ အိတ် ၁၁ လုံး၊ ငွေကျပ် ၁၀ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြထားခြင်းဖြစ်သည်။

"YBS လိုင်းကားပေါ်မှာ CCTV တပ်ထားတယ်။ လူစိတ်မရှိသော အချောင်သမားခါးပိုက်နှိုက်များ ရပ်တန်းကရပ်ပါ"ဟု ဦးလျန်ကျင့်မန်က အသိပေးရေးသားထားသည်။

ဖေဖော်ဝါရီ ၈ ရက် YRTC ၏စာရင်းများအရ YBS ယာဉ်လိုင်း (၁၃၂)လိုင်းမှ ယာဉ်စီးရေ ၃၆၀၆ စီး ပြေးဆွဲခဲ့ပြီး ခရီးသည် ၁၅၀၆၅၆၂ ဦး လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

YBS စီးသည့်အခါ ခရီးသည်များ ခါးပိုက်နှိုက်မခံရအောင် သတိပြုနိုင်ရန်အတွက် YBSယာဉ်များပေါ်တွင် "ခါးပိုက်နှိုက်သတိပြု"စတေကာများကပ်ထားပြီး YBS ကားပေါ်တွင် မိမိဘေးနားကို အမြဲသတိထားဂရုစိုက်နေရန်၊ ကားပေါ်လူကျပ်ချိန်သတိထားဂရုစိုက်ရန်၊ ဖုန်းနှင့်ပိုက်ဆံအိတ်ကို မိမိခန္ဓာကိုယ်နှင့်အမြဲထိတွေ့အောင်ထားရန်၊ အိပ်မငိုက်အောင်ဂရုစိုက်ရန် အစရှိသဖြင့် YBS စီးချိန် သတိထားသင့်သည့်အချက်များကို YRTC မှ အသိပေးထားသည်။

မေသက်




YBS ယာဉ်ပေါ်တွင် တွေ့ရသည့် သတိပေးစာတန်း။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "မိုးညိုသူလေး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရှစ်ကွက်ကျေးရွာနေ မိုးသီတာအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Myo Gyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ မျိုးယုမော်(ခ) သားသားအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Aung Myo Thu20138" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက်နေ အောင်မျိုးသူအား ညနေ ၅ နာရီတွင်လည်းကောင်း၊ "Kh Ant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ ဆက်နိုင်ထွန်း(ခ)ယုန်လေးအား ည ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဇီးကုန်းမြို့နယ် မြို့မဈေး မီးငြှိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ

ဇီးကုန်း ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ဇီးကုန်း မြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ စစ်ဆေးခြင်းနှင့် မီးငြှိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့မဈေးကြီး၌ ပြုလုပ်သည်။



ဦးစွာ ဇီးကုန်းမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းနိုင်ဦးက မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြသ၍ ရေစိုဝတ်ဖြင့် မီးငြှိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ခြင်းနှင့် ရေဖြင့်မီးငြှိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ ထို့နောက် မီးသတ်ရေငုတ်များ စီစဉ်ဆောင်ရွက်မှုနှင့် အရေးပေါ်အခြေအနေတွင် မီးသတ်ကားများ ဝင်ထွက်သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မုံရွာမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့်ပျော်ပွဲရွှင်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံမှ သင်တန်းသား သင်တန်းသူများ၊ ရပ်ကွက်နေပြည်သူများ၏ အမျိုးသား၊ အမျိုးသမီး လွှန်ဆွဲပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်၊ ဆန်ကောရွက်၊ အာလူးကောက်၊ သုံးချောင်းထောက်ပြိုင်ပွဲ၊ မီတာ ၂၀၀၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲများ တပျော်တပါးယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသား၊ အမျိုးသမီးလွှန်ဆွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသောအသင်းများကို ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက အမျိုးသား၊ အမျိုးသမီး အကြီးတန်းမီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက အမျိုးသား၊ အမျိုးသမီးအကြီးတန်းမီတာ ၂၀၀၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲများ၊ မီတာ ၅၀ သုံးချောင်းထောက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးအကြီးတန်းမီတာ ၅၀ အာလူးကောက်ပြိုင်ပွဲ၊ အမျိုးသမီးအကြီးတန်း မီတာ ၅၀ ဆန်ကောရွက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ အလွတ်တန်းအပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီးအငယ်တန်းမီတာ ၅၀ သုံးချောင်းထောက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးအငယ်တန်း မီတာ ၅၀ အာလူးကောက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# Naypyitaw State Academy ၌ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာအစားအစာဈေးရောင်းပွဲတော်နှင့် ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

Naypyitaw State Academy ၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ အစားအစာဈေးရောင်းပွဲတော်နှင့် ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ပင်မဆောင်၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်၊ အဆင့်မြင့်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းထွန်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းသန်းမြင့်၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာနုနုလွင်နှင့် ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာ စိုးစိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် Naypyitaw State Academy ၏ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ အဆင့်မြင့်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းထွန်း၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းသန်းမြင့်တို့က ဆုများချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် Naypyitaw State Academy ၏ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ဈေးရောင်းပွဲတော်ရှိ ဈေးဆိုင်များသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ၊ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လေးမျက်နှာမြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေး

**လေးမျက်နှာ ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ သာသနိကအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်း၊ ဘာသာရေးအဆောက်အအုံများကို မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘုန်းတော်ကြီးကျောင်းများ၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှုအခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေးတားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများအား စစ်ဆေးကာ လိုအပ်သည်များကို အသိပညာပေးလျှောက်ထားခဲ့ကြကြောင်း သိရသည်။ **ကိုအောင်**



# ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၁၂**

ပခုက္ကူ ပညာရေးဒီဂရီကောလိပ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကောလိပ်ရှိ မိုးလုံလေလုံအားကစားရုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူပညာရေးဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာဝင်းဝင်းခိုင်က အားကစားပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပခုက္ကူပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူ Myanmar Fitness Dance အဖွဲ့များက ယှဉ်ပြိုင်ကပြကြသည်။ ထို့နောက် အားကစားပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) ရပ်ကွက်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်က အဖွင့်အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းမူက ရှင်းလင်းပြောကြားသည်။ လူငယ်စကားဝိုင်းတွင် လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူဦးစီးအရာရှိက ရှင်းလင်းပြောကြားသည်။

အဆိုပါစကားဝိုင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးရုံးမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ ၁၇၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်း (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားများ ကျင်းပ


မူဆယ်မြို့
ချယ်ရီမြေ(မူဆယ်)


ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်
အေးမန္တ


ကလေးမြို့
ခရိုင်(ပြန်/ဆက်)


မြဝတီမြို့
ဇော်ဖြူဝင်း(မြဝတီ)


တနင်္သာရီမြို့
နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)


ကျုံပျော်မြို့
မြို့နယ်(ပြန်/ဆက်)


ပေါင်မြို့နယ်
မွန်မလေး(ပြန်/ဆက်)


ပုသိမ်ကြီးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဒိုက်ဦးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဟင်္သာတမြို့နယ်
ခရိုင်(ပြန်/ဆက်)


ရန်ကင်းမြို့နယ်
လှလှထွေး


သန်လျင်မြို့နယ်
သန်းဝင်း(သန်လျင်)

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများ ပြုလုပ်



နေပြည်တော် ဖေဖော်ဝါရီ ၁၂

မြန်မာတို့၏ (၁၂)လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

ထိုသို့ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်နှင့် ယနေ့တို့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လှည်းကူးပညာရေးဒီဂရီကောလိပ်၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

လှည်းကူး ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောင်းကောင်စီအသင်းလိုက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကို ဖေဖော်ဝါရီ ၁၁ ရက်မွန်းလွဲပိုင်းက လှည်းကူးပညာရေးဒီဂရီကောလိပ် အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ လှည်းကူး ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်ပေးစည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲကို စတင်ခဲ့သည်။

အဆိုပါထမနဲထိုးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ကျောင်းကောင်စီ အသင်းငါးသင်းက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆုရရှိသောအသင်းများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ မြင့်ဦး




# ကျုံပျော်မြို့နယ်၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

ကျုံပျော် ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ ယမန်နေ့နံနက်ပိုင်းက



ကျင်းပသည်။

## ကြည့်ရှုအားပေး

ပြိုင်ပွဲသို့ ဌာနဆိုင်ရာများနှင့် တိုက်နယ်အသီးသီးတို့မှ ပြိုင်ပွဲဝင်အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ရပ်ကွက်နှင့်ကျေးရွာများမှ အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်သူများ တပျော်တပါး လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို စိုက်ပျိုးရေးနှင့် ဌာနဆိုင်ရာများ အဖွဲ့(၇)၊ ဒုတိယဆုကို စည်ပင်သာယာရေးနှင့် ဌာနဆိုင်ရာများအဖွဲ့(၆)၊ တတိယဆုကို ပညာရေးနှင့် ဌာနဆိုင်ရာများ အဖွဲ့(၄)တို့က ရရှိခဲ့ကြပြီး အားပေးမှု အကောင်းဆုံးဆု၊ ခင်းကျင်းပြသမှု အကောင်းဆုံးဆုနှင့် အထူးဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပေါင်မြို့နယ်၌ မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြော

ပေါင် ဖေဖော်ဝါရီ ၁၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သစ်တော ထိန်းသိမ်းရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အထက (ပေါင်) ရွှေရတုခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပေါင်မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက "သစ်တောထိန်းသိမ်းရေး" ခေါင်းစဉ်ဖြင့်



အကျယ်တဝင့် ဟောပြောခဲ့ပြီး သထုံမြို့ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းအောင်က "ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကြကာ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဟောပြောသည်။

ထို့နောက် သစ်တောဦးစီးဌာနက ဟောပြောပွဲသို့ တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သစ်ပင် စိုက်ပျိုးခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်အောင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မြန်အောင် ဖေဖော်ဝါရီ ၁၂

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ် သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ရှားတောအုပ်စု အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ရေနံ့မြေခန်းမ၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နေခြည်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးတင်မောင်ထွေးက မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရမည့်အချက်များနှင့် မီးလောင်မှုဖြစ်ပွားစေနိုင်သော အချက်များကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မြို့နယ် မီးသတ်ဦးစီးဌာနမှ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ထို့နောက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြသရာ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များက ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ရေနံ့မြေမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အရေးပေါ် မီးငြိမ်းသတ်ပုံများကို သရုပ်ပြကာ လက်တွေ့သင်ကြားလေ့ကျင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေဦးသာ



# သဲကုန်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့လျှော့ချရေး တောင်သူများနှင့် ဆွေးနွေး

သဲကုန်း ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မီးခိုးမြူငွေ့ လျှော့ချရေး၊ လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် သစ်တောသစ်ပင်များမှရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက သဲကုန်းမြို့နယ် အင်းမမြို့ ရွှေကျွန်းတောရှင်းလင်းဆောင်၌ ကျင်းပသည်။

ဟောပြောပွဲတွင် သဲကုန်းမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် သစ်တော/ သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းကြောင့် ရာသီဥတု ကောင်းမွန်လာနိုင်ပြီး သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်မည် ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာသော ဒေသခံတောင်သူများက သိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါဟောပြောပွဲသို့ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များ၊ သဘာဝဘေးအန္တရာယ်များ၊ မီးခိုးမြူငွေ့ အန္တရာယ်များ စသည်တို့ကို သိရှိနားလည်စေရန်နှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဘက်စုံလှမြဲ တပို့တွဲ

စိန်ငွေလှိုင်(ဟိုပုံးမြေ)



"ဆူးပန်းလဲပေါက် ဝင်းဝင်းတောက်လျက်၊ ကမ်းလျှောက်ရေးရေး သဲဖြူဖွေးနှင့်၊ ငှက်ကျေးပျံကြွ ကောင်းကင်လဝယ်၊ မာဃယှဉ်မိ ကုံရာသီဟု၊ အညီခေါ်မြဲ တပို့တွဲမူ"စသည်ဖြင့် ဆည်သည်ရွာစား ဦးအောင်ကြီးက တပို့တွဲလအကြောင်းကို လူးတားစာအလင်္ကာဖြင့် ရေးသားခဲ့သည်။ တပို့တွဲလတွင် ရာသီပန်းဖြစ်သော ပေါက်ပန်းတို့ဖူးပွင့်ကြကာ မြစ်ကမ်း၌ သဲသောင်ဖြူဖြူဖွေး ပေါ်ထွန်းနေ၏။ ဗေဒင်အလိုအားဖြင့် ကုံရာသီဖြစ်ပြီး မာဃကြယ်မှာ ထွန်းလင်းနေသည်။ တပို့တွဲဆိုသောဝေါဟာရသည် "တပိုင်" ဆိုသည့်စကားမှ ဆင်းသက်လာကာ ထန်းဖူးကိုခေါ်ဆိုသည်။ ကာလကြာသောအခါ"တပို့"အဖြစ် ပြောင်းလဲလာ၏။ "တွဲ" ဟူသည်ကား အသီးအခိုင်တွဲလောင်းကျခြင်းကိုခေါ်ဆိုသည်။ ထို့ကြောင့် တပို့တွဲလဆိုသည်မှာ ထန်းဖူးထွက်သောလဟု အဓိပ္ပာယ်ရ၏။ ကျောက်စာများတွင် "တပိုင်တွဲ၊ တပိုင်ထွယ်၊ တပို့ထွယ်"ဟု ရေးသားလေ့ရှိသည်။

## ထမနဲပွဲ

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် တပို့တွဲလဟု ဆိုလိုက်သည်နှင့် ထမနဲပွဲကိုမြင်ယောင်ကြသည်။ ထမနဲပွဲ ပေါ်ပေါက်လာပုံမှာ ရှေးအခါက မြတ်စွာဘုရားသည် ရဟန်းများနှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီကြွချီတော်မူ၏။ ရွာသူရွာသားများက ဆန်၊ ဆီ ၊ ဆား၊ ဆေးစသည့် လှူဖွယ်ဝတ္ထုတို့ကို လှည်းဖြင့်တင်ဆောင်ပြီး မြတ်စွာဘုရားကြွချီရာသို့ လာရောက်ကပ်လှူကြသည်။ ထိုအချိန်တွင် မြတ်စွာဘုရားသည် လေနာရောဂါခံစားနေရသဖြင့် ယာဂုဆွမ်းအလှူခံရန် အရှင်အာနန္ဒာကို ခိုင်းစေလိုက်၏။ အာနန္ဒာက မာတုဂါမတစ်ဦးထံအလှူခံရာ အလှူရှင်က ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်း၊ မြေပဲ၊ အုန်းသီးဆန်၊ သစ်ကြားသီးတို့ဖြင့် စီရင်ထားသော ယာဂုဆွမ်းကိုကပ်လှူလိုက်သည်။ ဘုရားရှင်က ယာဂုဆွမ်းဘုဉ်းပေးရာ လေနာရောဂါမှာ သက်သာပျောက်ကင်းသွား၏။ ထိုကာလသည် တပို့တွဲလဖြစ်ပြီး ယာဂုကိုချက်ပြုတ်ကပ်လှူရာမှ ထမနဲပွဲဟုပေါ်ပေါက်လာသည်။ ကောက်ညှင်းကို နှဲခြင်း သို့မဟုတ် ကြေညက်အောင်ပြုလုပ်ရာမှ "ထမနဲ" ပေါ်ပေါက်လာ၏။ ကာလကြာသောအခါ "ထမနဲ"အဖြစ် ပြောင်းလဲလာ၏။ ထို့အပြင် နှမ်းလှော်အနည်းငယ်ထည့်သဖြင့် "နှမ်းမနဲ"ဟုလည်း ခေါ်ဆိုကြသည်။

တပို့တွဲလ ဆောင်းနှင်းဝေသည့်အချိန်တွင် ထမနဲထိုးပြိုင်ပွဲဆင်နွှဲသည်မှာ ပျော်ရွှင်စရာကောင်းလှသည်။ မီးဖိုတွင် တည်ထားသည့်ဒယ်အိုးကြီးအနီး၌ အားကောင်းမောင်းသန် ယောကျ်ားနှစ်ဦးသည် ခါးတောင်းကိုမြှောင်အောင်ကျိုက်ကာ ယောက်မကြီးကိုင်ပြီး အဆင်သင့်စောင့်ဆိုင်းနေ၏။ သူတို့နှစ်ဦးကြားတွင် ရေကိုင်ဆရာအဖြစ် ယောကျ်ားတစ်ဦးရှိနေသည်။ ၎င်းက ထမနဲထိုးရန် အချက်ပေးလိုက်သည့်အခါ ထမနဲထိုးပွဲကိုစတင်၏။ အနီးအနားရှိအိုးစည်ဝိုင်းသည် မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ကခုန်နေသည်။ ရေကိုင်ဆရာက ထင်းမီးအလျှော့အတင်းပြုလုပ်ရန် ဆော်ဩပေးသည်။ ကောက်ညှင်းနူးနပ်ညီညာမှုရှိစေရန် ရေတောက်ပေး၏။ ထမနဲထိုးသူ၏လက်အားစိုက်မှု အနေအထားကိုလည်း ပြောဆိုပေးသည်။ ထမနဲကောင်းဖြစ်စေရန် ရေကိုင်ဆရာသည် အခရာကျပါ၏။ ထမနဲထိုးပြီးသောအခါ ဒိုင်လူကြီးများက ကောင်း၊ သင့်၊ ညံ့တို့ကို ရွေးချယ်ပြီး အဆင့်လိုက်ဆုချီးမြှင့်ကြသည်။

တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့အဖြစ် သိမှတ်ကြသည်။ ဗုဒ္ဓဘာသာဝင်များသည် ထိုနေ့တွင် ဂါထာသုံးခုကို ရွတ်ဖတ်ပူဇော်ကြသည်။ ကျောက်စာတွင်လည်း ထွင်းထုထားကြ၏။ ဓမ္မပူဇာအဖြစ် ပုံနှိပ်ဖြန့်ဝေလှူဒါန်းကြသည်။ ယင်းနေ့ပေါ်ပေါက်လာပုံမှာ ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်နေ့တွင် ဝေဠုဝန်ကျောင်းတော်ကြီး၌ ပထမဦးဆုံး သံဃာ့အစည်းအဝေးကြီး ကျင်းပသည်။ ထိုနေ့သည် ရာသီဥတုကြည်လင်သော တပို့တွဲလပြည့်နေ့ဖြစ်ပြီး ရဟန္တာကြီး အပါး ၁၂၅၀ တို့ စုဝေးရောက်ရှိနေ၏။ ရဟန္တာများမှာ ဧဟိဘိက္ခုချည်းဖြစ်ပြီး ရဟန္တာကြီးများမှာ ဆဠဘိညရဟန္တာကြီးများဖြစ်သည်။ မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ပထမအဂ္ဂသာဝကအဖြစ်လည်းကောင်း၊ အရှင်မောဂ္ဂလန်မထေရ်မြတ်အား ဒုတိယသာဝကအဖြစ်လည်းကောင်း ချီးမြှင့်တော်မူ၏။ ဆက်လက်ပြီး တပည့်သံဃာတော်များအား ဩဝါဒပါတိမောက်တရားဟောကြားတော်မူသည်။ ဩဝါဒပါတိမောက်ပထမဂါထာသည် "သည်းခံမှုတရားသည် မြတ်သောအကျင့်တည်း။ နိဗ္ဗာန်ကိုရောက်နိုင်၍ အလွန်မြတ်၏" ဟု ဘုရားရှင်က ဟောတော်မူ၏။ "ရဟန်းဟူသည် သူတစ်ပါးကိုမညှဉ်းဆဲရာ။ သူတစ်ပါးကိုညှဉ်းဆဲသော ရဟန်းသည် ရဟန်းမဟုတ်"ဟူ၍ လည်းကောင်း၊ ဒုတိယဂါထာသည် "မကောင်းမှုဟူသမျှကိုမပြုရာ။ ကုသိုလ်နှင့် ပြည့်စုံစေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏"ဟု လည်းကောင်း၊ တတိယဂါထာ၏ အဓိပ္ပာယ်မှာ "ပါတိမောက်သံဝရ သီလကိုစောင့်ရှောက်ရာ၏။ စားဖွယ်၌ အတိုင်းအရှည်ကို သိရာ၏။ ဆိတ်ငြိမ်သောကျောင်း၊ အိမ်ရာနေရာသို့ ကပ်ရောက်နေထိုင်၍ ထူးမြတ်သောစိတ်၌ လွန်စွာအားထုတ်ရာ၏ "ဟူ၍ အနက်အဓိပ္ပာယ်ရသည်။ ဩဝါဒပါတိမောက်သည် ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်ဖြစ်သည်။ သီလ၊ သမာဓိ၊ ပညာတို့ပါဝင်ကာ လိုက်နာကျင့်သုံးသူများမှာ ကိုယ်၊ နှုတ်၊ နှလုံး ယဉ်ကျေးလိမ္မာပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကင်းရာ မြတ်နိဗ္ဗာန်ကို ရောက်နိုင်ကြောင်း လေ့လာသိရှိရသည်။

## မီးဖုန်းပွဲဆင်ယင်ကျင်းပ

တပို့တွဲလတွင် ကျွဲများမှာချိုဖျားအထိအေးသည်ဟု အဆိုရှိခဲ့သည်။ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက တပို့တွဲလတွင် မီးမလှုံရန် ရဟန်းတို့ကို တားမြစ်တော်မူခဲ့ဖူး၏။ တားမြစ်ရခြင်းအကြောင်းမှာ ထင်းမီးအပူရှိန်ကြောင့် မျက်လုံးအရောင် ဝါးစေပြီး အသားအရေကို ခန်းခြောက်စေခြင်း၊ မီးလှုံနေစဉ် အပေါင်းအဖော်များနှင့် မွေ့လျော်ကာ အကျိုးမရှိသောစကားကို ပြောဆိုတတ်ခြင်းတို့ကြောင့် ဖြစ်၏။ သို့သော် တပို့တွဲလအကုန် တပေါင်းလအကူး ကြားကာလ ရှစ်ရက်သည် အလွန်ချမ်းအေးသဖြင့် ၎င်းရက်များအတွင်း ရဟန်းများကို မီးလှုံရန်ခွင့်ပြုရုံသာမက ဘုရားရှင်ကိုယ်တော်တိုင်ပင် မီးလှုံတော်မူခဲ့သည်။ ထိုအကြောင်းကိုအစွဲပြုပြီး ဗုဒ္ဓဘာသာဝင်တို့သည် တပို့တွဲလတွင် မီးဖုန်းပွဲ ခေါ် မီးပုံပွဲဆင်ယင်ကျင်းပကြ၏။ ရှေးအခါက မီးဖုန်းပွဲကျင်းပပုံမှာ အလှူရှင်များသည် တောတောင်များသို့ သွားရောက်ပြီး နံ့သာထင်းများခုတ်ယူစုဆောင်းကြသည်။ ရရှိသောထင်းများကို စုပုံမီးရှို့ကာ ဘုရား၊ စေတီများအား မီးအပူဓာတ်ဖြင့်ပူဇော်ကြ၏။ ယနေ့ခေတ်ကျင်းပပုံမှာစေတီအနီးပြုလုပ်ထားသော မီးဖိုအတွင်းသို့ အမွှေးတိုင်၊ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ သနပ်ခါးတုံး၊ ထင်းစည်းငယ်များထည့်ကာ ပူဇော်ကြသည်။ ရှမ်းပြည်နယ်တွင် ယနေ့ထက်တိုင် ကျင်းပမြဲဖြစ်ပါသည်။

## ထန်းနို့ဖူးများစတင်ထွက်ရှိ

"နွေဦးကာလ မြူထသောအခါ၊ ရင်းထောင်ရင်းဆွဲ ဆောင်မြဲအိုးလွယ်ကာ၊ ဓားနီးထက်စွာ ခါးမှာချပ်လျက်၊ ထန်းပွင့်ထန်းခိုင် ရွှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်လို့တက်သည်နှင့်လေး" ဆိုသော တျာချင်းတစ်ပုဒ်ကို စာဆိုတော် ဝန်ကြီးပဒေသရာဇာက ရေးစပ်သီကုံးခဲ့သည်။ တပို့တွဲလသည် နွေဦးကာလဖြစ်ပြီး ထန်းပင်မှ ထန်းနို့ဖူးများ စတင်ထွက်ရှိ၏။ ထန်းတက်သမားများ ထန်းဆွဲမြူအိုးများ စုဆောင်းကြသည်။ ထန်းလျက်ကျိုချက်ရာတွင် ထင်းမီးအဖြစ်အသုံးပြုရန်ထန်းဖတ်၊ ထန်းလက်များ စုပုံကြ၏။ ရင်းထောင်၊ ရင်းဆွဲ၊ ထန်းလျက်ချက်ဖို၊ မိုးပြဲဒယ်နှင့် မြေအိုးကြီးတို့ကိုလည်း အသင့်ပြင်ဆင်ထားကြသည်။ ထန်းတက်သမားမှာ ကလိုင်ချောင်းကိုကိုင်ကာ အသွားထက်သောဓားနီးကို ခါးတွင် ချိတ်ပြီးထန်းတက်၏။ တပို့တွဲလ၏ အဦးဆုံးထွက်ပေါ်သည့် "တပို့ဦး ထန်းလျက်"မှာ ချိုမြပြီး စားသုံးရာတွင် နူးညံ့ကောင်းမွန်သည်။



တပို့တွဲလတွင် လက်ပံတို့သည်လည်း ဖူးပွင့်ကြသည်။ အပွင့်သည် လေအဟုန့်တွင် တဝဲဝဲကြွေကျသည်ကို မြင်တွေ့ရသည်မှာ ကြည်နူးစရာကောင်းလှ၏။ အသစ်ထွက်လာသော လက်ပံရွက်စိမ်းနုနုနှင့် အနီရောင်လက်ပံပွင့်များ ယှဉ်တွဲတည်ရှိနေပုံမှာ ပန်းချီကားတစ်ချပ်နှယ်လှပနေသည်။ ဆောင်းဥတုသည် အချိန်ကုန်လုနီးဖြစ်၍ နှုတ်ဆက်သည့်အလား ထင်မှတ်မှားရလောက်အောင် ချမ်းအေးလှသည်။ တပို့တွဲလအေးမြပုံကို "ဆောင်းကာလအထွက်၊ ထွက်ခတ်ခတ်သည်"ဟုလည်းပြောဆိုကြ၏။ "နှာရည်ယိုရွဲ တပို့တွဲ"ဆိုသည့်စကားအတိုင်း ရာသီဥတုမှာအအေးပိုသဖြင့် လူတို့မှာ အအေးမိနှာစေးတတ်ကြသည်။

အချုပ်အားဖြင့်ဆိုရလျှင် တပို့တွဲလတွင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် မြန်မာ့အစားအစာကို တန်ဖိုးထားသောအားဖြင့် ထမနဲထိုးပွဲကို ဆင်နွှဲကြသည်။ လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များအတွက် ဩဝါဒပါတိမောက်အခါတော်နေ့ဖြစ်၏။ ဘုရားရှင်ကိုရည်မှန်းကာ ထင်းမီးဖြင့် ပူဇော်သောမီးဖုန်းပွဲကို ကျင်းပကြသည်။ ထန်းတက်သမားတို့သည် ထန်းလုပ်ငန်းကို စတင်လုပ်ဆောင်ကြသည်။ ပေါက်ပင်နှင့် လက်ပံပင်တို့သည် နီရဲစွာဖူးပွင့်နေကြပြီး ရာသီဥတုသည် အေးမြလျက်ရှိရာ ဘက်ပေါင်းစုံမှ သာယာလှပနေသဖြင့် "ဘက်စုံလှမြဲ တပို့တွဲ"ဟုပင် တင်စားလိုက်ရပါသည်။

**ကျမ်းကိုး –**

**တိပိဋကရေဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားသည့် နိုင်ငံတော်ဗုဒ္ဓသာသန၊ မဟာဗုဒ္ဓဝင် တတိယတွဲ။**

> **"ဩဝါဒပါတိမောက်ပထမဂါထာသည် "ရဟန်းဟူသည် သူတစ်ပါးကိုမညှဉ်းဆဲရာ။ သူတစ်ပါးကိုညှဉ်းဆဲသော ရဟန်းသည် ရဟန်းမဟုတ်" ဟူ၍ လည်းကောင်း၊ ဒုတိယဂါထာသည် "မကောင်းမှုဟူသမျှကိုမပြုရာ။ ကုသိုလ်နှင့် ပြည့်စုံစေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏"ဟု လည်းကောင်း၊ တတိယဂါထာ၏ အဓိပ္ပာယ်မှာ "ပါတိမောက်သံဝရ သီလကိုစောင့်ရှောက်ရာ၏။ စားဖွယ်၌ အတိုင်းအရှည်ကိုသိရာ၏။ ဆိတ်ငြိမ်သော ကျောင်း၊ အိမ်ရာနေရာသို့ ကပ်ရောက်နေထိုင်၍ ထူးမြတ်သောစိတ်၌ လွန်စွာအားထုတ်ရာ၏"ဟူ၍ အနက်အဓိပ္ပာယ်ရ"**

# ပြည်မြို့၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်

ပြည် ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပြည်မြို့ သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းအတွက် တပ်မတော်သားများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




ယင်းနောက် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်တို့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သည့် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအပါအဝင် ပဲခူးတိုင်းဒေသကြီး (အနောက်) ၁၄ မြို့နယ်မှ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ပေးအပ်သည့် ငါးခြောက်ကြော်၊ ငါးပိကြော်၊ လက်ဖက်၊ အကြော်စုံ၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများအပါအဝင် စုစုပေါင်းငွေကျပ် ၂၃၁ သိန်း ၉ ထောင်ကျပ် တန်ဖိုးရှိ အသင့်စားသုံးနိုင်သော စားသောက်ဖွယ်ရာမျိုးစုံတို့ကို ပေးအပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက လက်ခံခဲ့သည်။

အဆိုပါစားသောက်ဖွယ်ရာများကို ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အရောက် တာဝန်ရှိသူများက ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ ပူးပေါင်း၍ ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို ပဉ္စမအကြိမ်မြောက် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဂျပန်နိုင်ငံတက္ကသိုလ်မှ ပါမောက္ခနှစ်ဦးက ရန်ကုန်တွင် စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ MJC Academic Seminar (Series -1) ဟောပြောသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဂျပန်နိုင်ငံ တက္ကသိုလ်မှ ပါမောက္ခနှစ်ဦးက ရန်ကုန်တွင် MJC Academic Seminar (Series -1)ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် Park Royal Hotel ၌ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း Myanmar Japan Center က အသိပေးထားသည်။

**ဟောပြောပေးသွားမည်**

ဦးစွာ Agriculture & Rural Development ခေါင်းစဉ်အောက်၌ ဂျပန်နိုင်ငံမှ ဆရာကြီး Dr. Akio Takahashi (ဒေါက်တာအောင်ကိုဆွေ) (Professor Emeritus of the University of Tokyo, Research Fellow of the Oriental Library)က "Myanmar Villages from the viewpoint of a Japanese Villager” ခေါင်းစဉ်ဖြင့် ဂျပန်ကျေးလက်နေရွာသားတစ်ယောက်ရှုထောင့်မှ ဂျပန်နိုင်ငံ၏ ကျေးလက်ဒေသနှင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသကို နှိုင်းယှဉ်ပြီး မြန်မာ့ကျေးရွာများသည် မည်သို့သောလူ့အဖွဲ့အစည်းဖြစ်သည်ကို လက်တွေ့ကွင်းဆင်းလေ့လာခဲ့မှုများဖြင့် သီအိုရီပေါင်းစပ်ကာ ဟောပြောပေးသွားမည်ဖြစ်ကြောင်း သိရသည်။




စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ MJC Academic Seminar (Series -1) ဟောပြောမည့်အသိပေးကြော်ငြာ။

ထို့ပြင် Speaker- Dr.Ikuko Okamoto (Ph.D, Professor, Faculty of Global and Regional Studies, Dean, Graduate School of Global and Regional Studies, Toyo University) ကလည်း “Conditions & Challenges of Rural Households in Myanmar: Findings from Snapshot Surveys” ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံကျေးလက်ဒေသများမှ အိမ်ထောင်စုများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကွင်းဆင်းလေ့လာ တွေ့ရှိချက်များနှင့် ပေါင်းစပ်ကာ တင်ပြမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိစိုက်ပျိုးရေးကဏ္ဍတွင် အရင်းအနှီးလိုအပ်မှု၊ စရိတ်ကြီးမြင့်လာမှုနှင့် သီးနှံအထွက်နှုန်းလျော့ကျခြင်းတို့ကို ရင်ဆိုင်နေရမှုများကြောင့် အိမ်ထောင်စုများသည် စီးပွားရေးအကျပ်အတည်းများကို ရင်ဆိုင်နေကြရသည့်အတွက် ထိုတွေ့ရှိချက်များမှ ကျေးလက်ဒေသ လူနေမှုဘဝအတွက် အရေးကြီးသော အထောက်အပံ့ လိုအပ်ချက်များကို အလေးထားဆောင်ရွက်ရန် ဟောပြော တင်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Seminar မှလက်တွေ့ အသုံးဝင်သည့် ဗဟုသုတများစွာ ရရှိစေမည်ဖြစ်၍ စိုက်ပျိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေးကို လက်ရှိလုပ်ကိုင်နေကြသူများနှင့် စိတ်ပါဝင်စားသူအားလုံး (https://forms.gle/VkALcSSCZXSLKnYQ8 ) Link တွင် ကြိုတင်စာရင်းပေး တက်ရောက်ကြရန် ဖိတ်ခေါ်ထားသည်။

မေသက်

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

## ၁၂ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၉၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



# မြဝတီမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေး

မြဝတီ ဖေဖော်ဝါရီ ၁၂

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ သိရှိနိုင်စေရန်အတွက် ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အမှတ်(၁) ရပ်ကွက် စနေဆွမ်းလောင်းဓမ္မာရုံတွင် ကျင်းပသည်။

ဦးစွာ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အဖွင့်အမှာစကားပြောကြားပြီး မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်းက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်နှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦးက ပြည်သူ့စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့် ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရမည့်သူများ၊ စစ်မှုထမ်းဆောင်ခြင်းမှ ယာယီရွှေ့ဆိုင်းခွင့်ရရှိနိုင်သူများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ စာရင်းပြုစုခြင်းနှင့် မှတ်ပုံတင်ခြင်းများ၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများမှ ရရှိနိုင်မည့်အခွင့်အရေးများ စသည့်အကြောင်းအရာတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပေးသည်။

ထို့နောက် တက်ရောက်ကြသည့် ရပ်ကွက်ပြည်သူများက သိရှိလိုသည့်အချက်များ မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းပေးပြီး “ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ” လက်ကမ်းစာစောင်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကိန်းသေ ကြွယ်ဝနည်း

ပီမိုးနင်း

> **ဤစိတ်အတိုင်း တစ်သမတ်တည်း ရှာဖွေစုဆောင်းက ဧကန်ကြွယ်ဝရမည်။ ပညာဉာဏ်ကြီးမားဖို့မလို၊ အလွန်အကျူး အထူးကြိုးစားအားထုတ်၊ တကုပ်ကုပ်လုပ်ကိုင်ဖို့ မလိုဘဲလျက် အမှန်ဧကန် အလိုပြည့်ဝစေနိုင်သောနည်းသည် လောက၌ မျက်မြင်ထင်ရှားရှိ၏။ အမြဲအားဖြင့်လည်း တွေ့ကြုံ၍နေကြရလေသည်။ ထိုနည်းကား အခြားမဟုတ်။ သုံးစွဲချင်သောစိတ်၊ ခမ်းနားကြီးကျယ်လိုသောစိတ်ကို ချုပ်တည်း၍ထားခြင်းပင်ဖြစ်**

မည်သူမဆို ကြွယ်ဝလို၏။ အဘယ်ကြောင့် ကြွယ်ဝလိုပါသနည်း။ သုံးစွဲချင်သည်။ ခမ်းနားကြီးကျယ်ချင်သည်။ သို့အတွက် ကြွယ်ဝချင်သည်ဟု ပြောရပေလိမ့်မည်။

မှန်၏။ ဤစိတ်အတိုင်း တစ်သမတ်တည်း ရှာဖွေစုဆောင်းက ဧကန်ကြွယ်ဝရမည်။ ပညာဉာဏ်ကြီးမားဖို့မလို၊ အလွန်အကျူး အထူးကြိုးစားအားထုတ်၊ တကုပ်ကုပ်လုပ်ကိုင်ဖို့ မလိုဘဲလျက် အမှန်ဧကန် အလိုပြည့်ဝစေနိုင်သောနည်းသည် လောက၌ မျက်မြင်ထင်ရှားရှိ၏။ အမြဲအားဖြင့်လည်း တွေ့ကြုံ၍နေကြရလေသည်။

ထိုနည်းကား အခြားမဟုတ်။ သုံးစွဲချင်သောစိတ်၊ ခမ်းနားကြီးကျယ်လိုသောစိတ်ကို ချုပ်တည်း၍ထားခြင်းပင်ဖြစ်လေသည်။

ချက်ချင်းသုံးစွဲချင်လျှင် တစ်သက်လုံး ဖြစ်တော့မည် မဟုတ်ပေ။ ချက်ချင်း ခမ်းနားကြီးကျယ်ချင်လျှင် တစ်သက်လုံး အဘယ်သောအခါမျှ ကြီးကျယ်တော့မည်မဟုတ်ပေ။ ချက်ချင်းသုံးစား၊ ချက်ချင်းခမ်းနား၍ နေသူများမှာကား အဘယ်ပြောဖွယ်ရာ ရှိပါတော့မည်နည်း။

လောက၌ ဂဏန်းအတွက်ကောင်းသူများသည် သူဌေးသူကြွယ်ကြီးများဖြစ်တတ်ကြ၏။ အသုံးအစားကို တွက်ချက်လေ့ရှိသူများကား အဘယ်သောအခါမျှ ဆင်းရဲနိုင်မည်မဟုတ်ပေ။ မဆင်းရဲလျှင် လက်ဝယ်ငွေကြေးရှိရမည်။ ရှိလျှင် ကိန်းသေတိုးပွားသောနည်း ရှိရမည်။ ချက်ချင်းကြီးကျယ်ချင်သောစိတ်ကိုသာ ချုပ်ဖို့ရှိလေသည်။

တရုတ်နှင့် အခြားလူမျိုးကွဲများသည် စီးပွားကို စ၍ရှာကြစဉ် မိမိတို့၏ခါး၌ ပိုက်ဆံအဘယ်နပြားရှိသည်။ မူးစေ့အဘယ်နစေ့ရှိသည်။ ဒင်္ဂါးကျပ်ပြား အဘယ်နပြားရှိသည်ကို အမြဲတွက်စစ်မှတ်သားထားလေ့ရှိကြလေသည်။ ၎င်းတို့၏စိတ်၌ ခါးထဲမှ အစေ့အဆံလေးတွေ တစ်ပြားပြီး တစ်ပြားတိုးပွားဖို့ရန် ကျီးကန်းမျက်စိနှင့် ကြည့်ကြ၏။ ချက်ချင်းမသုံးရက်၊ ချက်ချင်းကြီးကျယ်ရန် မမျှော်လင့်၊ တစ်နေ့သ၌ တိုက်တည်မည်၊ တစ်နေ့သ၌ ကားဝယ်မည်။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ၊ တစ်နေ့တစ်ပြား သူဌေးမဖြစ်ဘဲနေမလား ဟူသော ကိန်းသေနည်းကို လက်ကိုင်ပြုကာ ပစ္စည်းကို ရှာကြလေသည်။

ကုလားတို့လူမျိုးကား ကူလီအောက်တန်းစား ဖြစ်စေကာမူ လက်ဖက်ရည်ဆိုင်ကို ရောက်လျှင် သူပေးမယ် ငါပေးမယ် သူ့ထက်ငါ လျင်မြန်သောလက်နှင့် အိတ်ထဲကိုနှိုက်လေ့ရှိကြလေသည်။ ဝတ်စားနေထိုင်သုံးစွဲပုံမှာ လူချမ်းသာများနှင့်မခြားပေ။

ထိုကဲ့သို့ သုံးစားခြင်းသည် ချက်ချင်းကြီးကျယ်လိုခြင်းမဟုတ်၊ ချက်ချင်းကြီးကျယ်ခြင်းဖြစ်ရာ အဘယ်သောအခါမှာ တကယ်ကြီးကျယ်နိုင်ပါတော့မည်နည်း။

ကြွယ်ဝလိုခြင်းသည် သုံးချင်၊ စားချင်၊ ကြီးကျယ်ချင်သောကြောင့်ဖြစ်၏။ သုံးချင်၊ စားချင်၊ ကြီးကျယ်ချင်ပါသည်ဟုပြောလျက် ချက်ချင်းသုံးစား၊ ချက်ချင်းကြီးကျယ်၍နေချေက အဘယ်သို့လျှင် နောင်အခါ၌ ကြီးကျယ်နိုင်ပါတော့မည်နည်း။

ယခုကြီးကျယ်က နောင်မကြီးကျယ်နိုင်၊ ယခုမကြီးမကျယ်က နောင်ကြီးကျယ်နိုင်မည်ဟုမှတ်ကြရမည်။ ကုလားတို့လူမျိုးမှာ မည်သူမဆို ယခုအခါကြီးကျယ်၍နေကြ၏။ သို့အတွက် နောင်ကြီးကျယ်မည့်သူ လွန်စွာနည်းပါး၍နေလေသည်။

အချို့လည်း အစ၌ လွန်စွာခြိုးခြံ၏။ လွန်စွာချွေတာ၏။ အလုပ်ကို ပိပိပြားပြားသေဝပ်စွာလုပ်၏။ ၎င်းတို့မှာ ကူလီလိုဆင်းရဲရာမှ လက်ဝါးနှင့်ထ၍လုပ်ရာ ငွေကလေးငါးထောင်၊ တစ်သောင်းဖြစ်သည်နှင့်တစ်ပြိုင်တည်း မော်တော်ကားစီးကြသဖြင့် အလုပ်မှာအားပြတ်ပြီး တိုးတက်ခြင်းအရှိန်ကို သတ်ကြလေသည်။

မော်တော်ကားတစ်စီးကို တစ်နှစ်၊ နှစ်နှစ် ထက်ကြာစွာ ပို၍စီးသူများအား ဧကန်တစ်ခုခုဖြစ်ပြီ၊ ငွေကျပ်ပြီ၊ အလုပ်မဟန်လို့ဘဲဟု ပြောကြသည်ဟု သတင်းစာတစ်စောင်၌ ဖတ်ရဖူးလေသည်။

ထိုစကားသည် မှန်လိမ့်မည်ဟု အောက်မေ့၏။ အကြောင်းမူကား အမေရိကန်တိုင်းမှာ ကားအလုပ်လွန်စွာကြီးကျယ်လေရာ ကုလားတို့တိုင်းပြည်မှာထက် ကားများပေါမည်ကား ယုံမှားဖွယ်မရှိပေ။ ကားများ ပေါသလောက် ငွေကြေးလည်း ပေါများလေသည်။

ငွေငါးထောင်၊ တစ်သောင်းမျှနှင့် ကားစီးချင်က ကားကောင်းကို စီးရမည်မဟုတ်။ အကျအနသာ စီးရလေသည်။ ဘာလုပ်မလဲ၊ အကောင်းကို မစီးရက မစီးဘဲနေခြင်းက ပို၍မကောင်းပါလော။ ထို့ပြင် အာမခံစရိတ်၊ ပြင်ရသောစရိတ်၊ ဟောင်းလျှင် အသစ်ဖြစ်အောင် လုပ်ရသောစရိတ်တွေလည်း ရှိလေသည်။ မော်တော်ကားမရှိက အလုပ်မလုပ်နိုင်အောင် အရေးကြီးသူများမှာကား အဘယ်လိုကားကိုပင် သုံးစေကာမူ အရေးမကြီးပေ။ သို့ဖြစ်လေရာ နောင်ကြီးကျယ်လိုက ကြီးကျယ်ဖို့ရန် ရှေ့လောမကြီးအပ်ပေ။ "မော်တော်ကားကို ရှောင်၊ အိုအောင် မဆင်းရဲ" ဟူ၍ပင် ပြောလိုက်ချင်လေသည်။

"အလှူအတန်းမှာလည်း ညောင်စေ့လောက် လှူလျှင် ညောင်ပင်လောက် အကျိုးကြီးနိုင်သည်" ဟူသောစကားရှိရာ မိမိနိုင်သည်ထက် အဆမတန် ပိုမိုကြီးကျယ်စွာလှူခြင်းသည် ချက်ချင်းကြီးကျယ်ခြင်းပင် ဖြစ်လေသည်။ ယခုလှူသော်လည်း သေပြီးသောအခြားမဲ့ဘဝ၌ ချက်ချင်းသူဌေးဖြစ်မည်ဟု မဆိုနိုင်။ မိမိလှူသောအလှူ ကုသိုလ်အကျိုးဆက်နှင့် ကြုံကြိုက်သောဘဝမှာသာ အကျိုးခံစားရပေမည်။

လူမှန်သမျှ ရှေးက အကြီးအကျယ်လှူခဲ့ဖူးသူများသာ ဖြစ်ကြသည်။ စကြဝဠာမန္တာတ်ပင် ဖြစ်ခဲ့ကြလေရာ သူဌေးဘဝကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင်မရဘဲ ရှိနိုင်ပါမည်လော။ သို့ဖြစ်လေရာ မလှူခဲ့ရ၊ မတန်းခဲ့ရသော ဘဝများသလောက် လှူခဲ့တန်းခဲ့ရသော ဘဝတွေမများဘူးဟု မဆိုနိုင်ပေ။

သို့ဖြစ်လေရာ ငါ တစ်သိန်းကုန်၊ တစ်သန်းကုန် လှူနိုင်သော အခြေကျလျှင် လှူမည်၊ ယခုကား ပကာသနနှင့်အားကျ၍ မလှူ၊ မည်သူ၏မြှောက်ပင့်ခြင်းကိုမျှ ငါ နားမထောင်၊ ငါ တတ်နိုင်သမျှသာ လှူမည်၊ သဒ္ဓါစိတ်သာ လိုရင်းဖြစ်သည်ဟု သတိပြုကာ ပကာသနဖြင့် ယခုချက်ချင်းမကြီးမကျယ်လိုက ဧကန်ဒိဋ္ဌ နောင်သောအခါ ကြီးကျယ်ရမည်သာတည်း။ ဘာမားဂျာနယ်(ဒုတိယတွဲ နံပါတ် ၅)

၁၀-၇-၁၉၃၇ ခုနှစ်

# လူအများနှင့် ပြေပြေပြစ်ပြစ်ဆက်ဆံနည်း

ခင်မောင်ညို(ဘောဂဗေဒ)

(၆-၂-၂၀၂၅ ရက်နေ့မှအဆက်)

ရွှပ်ဇ်က ထိုသို့လုပ်ခဲ့သည်။ သာမန်လူတွေက သူလုပ်တာနှင့်ပြောင်းပြန်လုပ်ကြသည်။ သူတို့သဘောမကျတာတွေ့လျှင် လက်အောက်ငယ်သားများကို အော်ဟစ်ကြိမ်းမောင်းတတ်သည်။ သူတို့သဘောကျတာတွေ့လျှင် ဘာမျှမပြောတော့၊ နှုတ်ပိတ်နေကြသည်။ "တစ်ခါအမှားလုပ်မိလျှင် တစ်သက်လုံး ဆူသံကြားရပြီး နှစ်ဆကောင်းအောင် လုပ်လိုက်လျှင် ဘာသံမျှ မကြားရတော့" ဆိုသည့် စကားလိုဖြစ်နေသည်။

ရွှပ်ဇ်သည် ကမ္ဘာတစ်ဝန်းရှိ လူပေါင်းစုံနှင့် ပေါင်းသင်းဆက်ဆံခဲ့သည်။ သူပေါင်းသင်းခဲ့သည့်လူများထဲတွင် ကြီးကျယ်မြင့်မြတ်သောပုဂ္ဂိုလ်များလည်းပါသည်။ မည်မျှပင်ကြီးကျယ်သူ ဖြစ်လင့်ကစား ချီးကျူးမှုကိုသာ ခံယူချင်သည်။ ဝေဖန်မခံချင်ကြ။ ချီးကျူးခံရလျှင် အလုပ်ကို ပိုလုပ်တတ်ကြသည်။ ပိုကောင်းအောင်လုပ်တတ်ကြသည်။ ဝေဖန်ခံရ၊ ပြစ်တင်ခံရလျှင် အလုပ်မလုပ်ချင်ကြကြောင်း ရွှပ်ဇ်က ၎င်းတွေ့ကြုံခဲ့ပုံကို ပြောပြသည်။

အင်ဒရူးကာနယ်ဂျီ ထူးထူးခြားခြားအောင်မြင်ရခြင်းမှာ ထိုအကြောင်းတရားကြောင့်ပင်ဖြစ်သည်။ အင်ဒရူးကာနယ်ဂျီသည် သူ၏လုပ်ဖော်ကိုင်ဖက်များကို နှစ်ယောက်ချင်းတွေ့သည့်အခါ၌ ဖြစ်စေ၊ လူရှေ့သူရှေ့၌ ဖြစ်စေ အမြဲချီးကျူးလေ့ရှိသည်။ အသက်ရှင်နေသည့်အခါသာမက အသက်သေသွားသည့်တိုင်အောင် ချီးကျူးသည်။ သူ၏ဂူတွင် ရေးထိုးရမည့်စာတမ်းကို သူကိုယ်တိုင်ရေးခဲ့သည်။ ဂူထဲကပင် ဆက်လက်ချီးကျူးနေသေးသည်။ သူ၏ဂူ၌ **"ဤနေရာတွင် သူ့ထက်တော်သောသူများကို မည်သို့စုစည်းရမည်သိသောသူကို မြှုပ်နှံထားသည်။"**

ဂျွန်၊ ဒီ၊ ရော့ကဲဖဲလား လူအများနှင့် ဆက်ဆံရာ၌ အောင်မြင်ရခြင်းသည်လည်း ရိုးရိုးသားသားချီးကျူးမှုကြောင့်ဖြစ်သည်။ ဥပမာ သူနှင့်အစုစပ်လုပ်သူ အက်ဒ်ဝပ်၊ တီ၊ ဘက်ဖို့ဒ်က တောင်အမေရိကရှိ လုပ်ငန်းတစ်ခုကို မှားယွင်းဝယ်မိသဖြင့် ဒေါ်လာသန်းပေါင်းများစွာ ဆုံးရှုံးသွားသောအခါ မည်သို့မျှ ဝေဖန်ပြစ်တင်ခြင်းမပြုပေ။ ဘက်ဒ်ဖို့ဒ်အနေဖြင့် တတ်နိုင်သမျှ အကောင်းဆုံးဆောင်ရွက်ခဲ့ကြောင်းကို သူသိသည်။ ထိုကိစ္စကို ဘာမျှထပ်ပြောမနေတော့။ သို့သော် ချီးကျူးစရာ ကြံဖန်တွေ့သည့်အခါ နှောင့်နှေးမနေဘဲ ချီးကျူးသည်။ သူရင်းနှီးမြှုပ်နှံထားသည့်ငွေထဲမှ လေးဆယ်ရာခိုင်နှုန်းသာ ဆုံးရှုံးခြင်းဖြစ်ပြီး ခြောက်ဆယ်ရာခိုင်နှုန်းကျန်သေး၍ဆိုပြီး ချီးကျူးသည်။ "သိပ်တော်တာပဲဗျာ" ဟု ပြောသည်။ "ကျွန်တော်တို့ ဒီလောက်ဖြစ်အောင် တစ်ခါမှမလုပ်နိုင်သေးဘူး" ဟုလည်း ပြောသေးသည်။

ကျွန်တော် စုဆောင်းသိမ်းဆည်းထားသည့် သတင်းစာဖြတ်ပိုင်းများထဲတွင် မည်သည့်အခါကမျှ တကယ်တမ်းဖြစ်ပွားခြင်းမရှိခဲ့သော်လည်း အမှန်တရားကိုဖော်ပြသည့် ဇာတ်လမ်းတစ်ပုဒ်ရှိသည်။ ထိုအကြောင်းကို ကျွန်တော်ပြန်ပြောပြပါမည်။

ထိုဇာတ်လမ်းအရဆိုလျှင် ယာတောထဲမှ အိမ်ရှင်မတစ်ဦးသည် တစ်နေ့လုံး အလုပ်ပင်ပင်ပန်းပန်းလုပ်၍ ပြန်လာခဲ့သော ခင်ပွန်းသည်နှင့် ယောကျ်ားသားများ၏ရှေ့တွင် ကောက်ရိုးပုံတစ်ပုံ ချပေးလိုက်သည်။ အမျိုးသားတို့က သူရူးနေသလားဟု မကျေမနပ်ပြောကြသည်။ သူက "ဘာဖြစ်လို့လဲ၊ ရှင်တို့စားနေတာ ကောက်ရိုးမှန်း၊ ကောက်ရိုးမဟုတ်မှန်း ခွဲခြားသိတယ်ဆိုတာ ကျွန်မကဘယ်လိုလုပ်သိမလဲ။ ကျွန်မ ရှင်တို့ကို ထမင်းချက်ကျွေးနေတာ နှစ်ပေါင်း ၂၀ လောက်ရှိပြီ။ ရှင်တို့စားနေတာ ကောက်ရိုးမဟုတ်တဲ့အကြောင်း၊ ကျွန်မချက်ကျွေးတာ ဘယ်လိုနေကြောင်း တစ်ခါမျှ ပြောသံမကြားဖူးဘူး။ ချီးကျူးသံမကြားရဖူးဘူး။ ဒါကြောင့် ကောက်ရိုးကျွေးတာမဟုတ်ကြောင်း သိမှသိရဲ့လား"ဟု ပြန်ပြောသည်။

အိမ်မှထွက်ပြေးသည့် အမျိုးသမီးများအကြောင်းကို လေ့လာသည့် စာတမ်းတစ်ခုတွင် ဘာကြောင့်ထွက်ပြေးရကြောင်း စူးစမ်းထားသည်။ "အသိအမှတ်ပြုခြင်း၊ ချီးကျူးခြင်း မရှိ၍ဖြစ်သည်"ဟု ဆိုထားသည်။ အိမ်မှထွက်ပြေးကြသည့် ယောကျ်ားများအကြောင်းကို လေ့လာလျှင်လည်း ထိုသို့ပင်တွေ့ရမည်ထင်သည်။ ကိုယ့်အိမ်ထောင်ဖက်အချင်းချင်း ဘာမျှထွေထွေထူးထူး အမှတ်ပြုနေစရာ၊ ချီးကျူးစရာမလိုဟု ထင်တတ်ကြသည်။ ထို့ကြောင့် ကိုယ်သဘောကျတန်ဖိုးထားကြောင်း ထုတ်ဖော်ပြောဆိုဖို့ မေ့နေတတ်ကြသည်။

ကျွန်တော့် သင်တန်းသားတစ်ယောက်က သူ့ဇနီးသည်၏ တောင်းဆိုချက်တစ်ခုအကြောင်းပြောပြဖူးသည်။ သူနှင့် အခြားအမျိုးသမီးတစ်စုတို့သည် "ကိုယ့်ကိုယ်ကိုယ် ကိုယ်တိုင်တိုးတက်အောင်ပြုစုရေး" အစီအစဉ်တစ်ခုကို ဆောင်ရွက်ကြသည်။ ထိုအစီအစဉ်အရ အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်ရန် လိုအပ်သည့် အချက် ခြောက်ချက်ကို စာရင်းချပြရန် သူ၏ခင်ပွန်းသည်ကို တောင်းဆိုသည်။ ထိုတောင်းဆိုမှုကြောင့် ခင်ပွန်းသည်ခမျာ အထိတ်တလန့်ဖြစ်သွားသည်။ တကယ်တော့ သူဖြစ်စေချင်သောကိစ္စ ခြောက်ခုလောက်ကို အလွယ်တကူ ချရေးနိုင်သည်။ ဇနီးသည်ကလည်း သူဖြစ်စေချင်သောကိစ္စတွေ ထောင်ချီပြီး စာရင်းချရေးနိုင်သည်။ သို့သော် သူကချက်ချင်းရေးမပေးသေးဘဲ စဉ်းစားပြီး "မနက်ကျမှပေးမယ်"ဟု ပြောလိုက်သည်။

နောက်တစ်နေ့နံနက်စောစော၌ အိပ်ရာမှစောစောထ၍ ပန်းဝယ်ကာ နှင်းဆီပန်း ခြောက်ပွင့်ပါသည့် ပန်းစည်းတစ်စည်းကို စာတစ်စောင်နှင့်အတူ ဇနီးသည်ထံပို့လိုက်သည်။ "ဘာကိုမှ မပြောင်းလဲစေချင်ဘူး။ ဒီအတိုင်းပဲသဘောကျတယ်" ဟု စာထဲတွင်ရေးထားသည်။

ထိုနေ့ညနေခင်း အလုပ်မှအိမ်သို့ ပြန်သွားသည့်အခါ ဇနီးသည်က အိမ်ဝမှ ကြိုဆိုနှုတ်ဆက်သည်။ သူ့ခမျာဝမ်းသာလွန်း၍ မျက်ရည်များပင် လည်နေရှာသည်။ သူတောင်းဆိုသည့်အတိုင်း မဝေဖန်လိုက်မိသည့်အတွက် သူတော်တော်လေးဝမ်းသာသွားမိသည်။

(ဆက်လက်ဖော်ပြပါမည်)

# မော်လမြိုင်မြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ကျင်းပ



မော်လမြိုင် ဖေဖော်ဝါရီ ၁၂

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မောရဝတီပန်းခြံ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ခွဲနှင့် အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့တို့က ကွင်းအတွင်းသို့ ချီတက်နေရာယူကြပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ခွဲမှ မွန်ပြည်နယ်ဝန်ကြီးချုပ်အား အလေးပြုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းတို့ ဆောင်ရွက်ကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဖတ်ကြားသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)က ထုတ်ဝေသည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိနှင့်ဝန်ထမ်းများက အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)၏ ပြည်ထောင်စုနေ့ဂုဏ်ပြု တတိယအကြိမ် Chairman's Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ




အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)၏ တတိယအကြိမ် Chairman's Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၁၂

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)၏ တတိယအကြိမ် Chairman's Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ Dagon City Golf Resort ၌ ကျင်းပသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြည်တွင်းလေကြောင်းလုပ်ငန်း ကဏ္ဍမှ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းလိုင်းများ၊ Airport Operator များနှင့် အခြားဆက်စပ်လျက်ရှိသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့များမှ ဂေါက်သီးရိုက်အားကစားသမား ၁၂၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။

**စည်ကားသိုက်မြိုက်စွာ ပြုလုပ်**

ပြိုင်ပွဲတွင် Stroke Play Format ဖြင့် Scratch Play နှင့် Handicap Play အတန်းနှစ်တန်းခွဲ၍ ကျင်းပခဲ့သည်။ ဆုပေးပွဲတွင် Scratch Play နှင့် Handicap Play အတန်းများတွင် အနိုင်ရရှိသည့် ထိပ်ဆုံးအသင်းသုံးသင်းစီနှင့် Longest Drive ဆု၊ Nearest Pin ဆု၊ Nearest Line ဆု၊ Most Bridie ဆုနှင့် Most Par ဆုရရှိသူများအား အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး ဂုဏ်ပြုညစာစားပွဲကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)သည် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် Chairman's Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၂၃ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် တတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၏ နယ်ပယ်အသီးသီး၌ တာဝန်ထမ်းဆောင်နေကြသည့် Aviator များအား ဂုဏ်ပြုသည့်အပြင် အသင်းအဖွဲ့အလိုက် ပူးပေါင်းယှဉ်ပြိုင်မှုများမှတစ်ဆင့် ပြည်တွင်း လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်များ အတွင်း စည်းလုံးညီညွတ်မှုကို အားကစားစိတ်ဓာတ်ဖြင့် မြှင့်တင်ရန် အတွက် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-သော်ကြီး**

# တပ်ကုန်းမြို့၌ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



တပ်ကုန်း ဖေဖော်ဝါရီ ၁၂

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပလျက်ရှိရာ ဘုရင့်နောင်ရပ်ကွက်အသင်းနှင့် အနော်ရထာရပ်ကွက် အသင်းတို့ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲက မြို့နယ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

**အုပ်စုပတ်လည်ကစားခဲ့**

အဆိုပါ ဗိုလ်လုပွဲတွင် ဘုရင့်နောင် ရပ်ကွက်အသင်းက အနော်ရထာရပ်ကွက် အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဒိုင်းဆုကို ဆွတ်ခူးပြီး ပြိုင်ပွဲပွဲစဉ်များတွင် ရပ်ကွက်၊ ကျေးရွာများမှ အသင်းရှစ်သင်း ပါဝင်၍ အုပ်စုပတ်လည်ကစားခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဂိုးသမားဆု၊ နောက်တန်းဆု၊ အလယ်တန်းဆု၊ ရှေ့တန်းဆုနှင့်တတိယဆု၊ ဒုတိယဆု၊ ပထမဆုတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ ဘောလုံးပြိုင်ပွဲ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဆုတံဆိပ်၊ ဆုငွေနှင့် ဒိုင်းဆုဖလားတို့အား ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမှတ် (၃) ရပ်ကွက် ခရေလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသန့်ဇင်ဝေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ရှိန်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသဏ်းဦးတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြစဉ်။

မြို့နယ်(ပြန်/ဆက်)

# ဇလွန်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်

ဇလွန် ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ဇလွန်မြို့ လမ်းမတော်မြောက်ရပ်ကွက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

**အသိပညာပေး**



အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးချစ်လွင်ထွေးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရမည့် အချက်များနှင့် မီးလောင်မှု ဖြစ်ပွားစေနိုင်သော အချက်များကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ထို့နောက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဇာတ်တိုက် သရုပ်ပြသရာ ဒုတိယမြို့နယ် မီးသတ်ဦးစီးမှူး ဦးချစ်လွင်ထွေး ဦးဆောင်သော သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(ဇလွန်)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၂၅၀ ခန့်အား လောင်စာဆီမီးလောင်ခြင်း အန္တရာယ်ကြုံတွေ့ပါက မီးသတ်ဆေးဘူးဖြင့် အရေးပေါ်မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် အရေးပေါ် မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြကာ လက်တွေ့သင်ကြား လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာရှိတို့ အိမ်ဖြူတော်၌ တွေ့ဆုံ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာရှိတို့သည် အိမ်ဖြူတော်၌ ယမန်နေ့တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ကို အမေရိကန်က သိမ်းယူပြီး ပါလက်စတိုင်းသားများကို တခြားနေရာများတွင် ပြန်လည်နေရာချထားသင့်ကြောင်း ဒေါ်နယ်ထရမ့်က ကြိမ်ဖန်များစွာ ပြောကြားပြီးနောက် ယခု ဆွေးနွေးပွဲ ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်က ဂါဇာကမ်းမြောင်ဒေသကို ရေရှည်ပိုင်ဆိုင်ခွင့်ရရှိရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က သတင်းထောက်များအား ပြောကြားသည်။ အရှေ့အလယ်ပိုင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည်ဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။

ပါလက်စတိုင်းသားများကို ပြန်လည်နေရာချထားပေးမည့် အစီအစဉ်နှင့် ပတ်သက်ပြီး ဂျော်ဒန်တာဝန်ရှိသူများက ပယ်ချခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါ ပယ်ချမှုကို ဂျော်ဒန်ဘုရင် အဗ္ဗဒူလာရှိက ထောက်ခံကြောင်း ပြောကြားသည်။

သို့သော် ဂါဇာဒေသရှိ လိုအပ်နေသူများကို ကူညီမှုအမျိုးမျိုး ပြုလုပ်ပေးလျက်ရှိပြီး ကင်ဆာရောဂါခံစားနေရသည့် ကလေးငယ်များနှင့် ကျန်းမာရေးချို့တဲ့သည့် ကလေးငယ် ၂၀၀၀ ကို ဂျော်ဒန်နိုင်ငံက လက်ခံသွားမည်ဖြစ်ကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာရှိက ပြောကြားသည်။

ထို့ပြင် ပါလက်စတိုင်းသားများကို ပြန်လည်အခြေချနေထိုင်ရန် အီဂျစ်နိုင်ငံအား ထရမ့်၏တိုက်တွန်းမှုနှင့်ပတ်သက်သည့် အခြေအနေများကို ဆက်လက်စောင့်ကြည့်သွားမည် ဖြစ်ကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာရှိက ဆိုသည်။

ဘုရင် အဗ္ဗဒူလာရှိသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဒုတိယသက်တမ်းစတင်ချိန်မှစ၍ အိမ်ဖြူတော်တွင် ထရမ့်နှင့်တွေ့ဆုံခဲ့သည့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာတို့ပြီးနောက် တတိယမြောက် နိုင်ငံခေါင်းဆောင်ဖြစ်သည်။



ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# တရုတ်နိုင်ငံ၏ လကမ္ဘာစူးစမ်းရှာဖွေရေးအစီအစဉ်အတွက် လူလိုက်ပါသော လဆင်းယာဉ် "တန်ဆူအို"ကို ထုတ်ဖော်ပြသ

**ပေကျင်း ဖေဖော်ဝါရီ ၁၂**

တရုတ်နိုင်ငံ၏ လကမ္ဘာစူးစမ်းရှာဖွေရေးအစီအစဉ်အတွက် လူလိုက်ပါသော လဆင်းယာဉ် "တန်ဆူအို"ကို တရုတ်အာကာသအေဂျင်စီက ယနေ့ထုတ်ဖော်ပြသကြောင်း သိရသည်။

လဆင်းယာဉ်ကို "တန်ဆူအို" ဟုအမည်ပေးထားပြီး စူးစမ်းရှာဖွေရေးဟု အဓိပ္ပာယ်ရကြောင်း တရုတ်အာကာသအေဂျင်စီက ပြောကြားသည်။



လကမ္ဘာစူးစမ်းရှာဖွေရေးအစီအစဉ်၏လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်လျက်ရှိကြောင်း အေဂျင်စီက ဆိုသည်။

တရုတ်နိုင်ငံသည် အမေရိကန်ဦးဆောင်သော အာတီးမစ် နိုင်ငံတကာ လစူးစမ်းလေ့လာရေးစီမံကိန်းနှင့်အပြိုင် ၂၀၃၀ ပြည့်နှစ်တွင် လူလိုက်ပါသော "တန်ဆူအို" လဆင်းယာဉ်ကို လကမ္ဘာပေါ်သို့ အောင်မြင်စွာဆင်းသက်ရန်နှင့် အာကာသယာဉ်မှူးများ လပေါ်သို့ ဆင်းသက်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လဆင်းယာဉ် "တန်ဆူအို"နှင့်အတူ လမျက်နှာပြင်ကို စူးစမ်းလေ့လာရန် ထိုင်ခုံနှစ်လုံးပါသည့် ယာဉ်တစ်စင်းကို တရုတ်ဗဟိုတယ်လီဗီးရှင်း ရုပ်သံလိုင်းက ကွန်ပျူတာဂရပ်ဖစ်ဗီဒီယိုဖြင့် ထုတ်လွှင့်ပြသခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏ပထမသက်တမ်းအတွင်း အာတီးမစ် နိုင်ငံတကာလစူးစမ်းလေ့လာရေးမစ်ရှင်သည် တရုတ်နိုင်ငံထက် နောက်မကျစေရဟု ကတိပြုခဲ့ပြီး အင်အားကြီးနှစ်နိုင်ငံ၏အာကာသပြိုင်ပွဲ အရှိန်အဟုန်ပြင်းထန်လာမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန်တွင် သံမဏိနှင့် အလူမီနီယံကုန်ပစ္စည်းများအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မည့်ဥပဒေပြဋ္ဌာန်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

အမေရိကန်နိုင်ငံသို့ တင်သွင်းသည့် သံမဏိနှင့် အလူမီနီယံကုန်ပစ္စည်းများအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မည့် ဥပဒေတစ်ရပ်ကို သမ္မတထရမ့်က ဖေဖော်ဝါရီ ၁၀ ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ယင်းဥပဒေသည် မတ် ၁၂ ရက်တွင် စတင်အသက်ဝင်လာမည်ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ထုတ်လုပ်မည့် သံမဏိနှင့် အလူမီနီယံကုန်ပစ္စည်းများကိုသာ တိုးတက်ထုတ်လုပ်ရေးဆောင်ရွက်မည်ဖြစ်ပြီး ယခုကဲ့သို့ဆောင်ရွက်ရခြင်းမှာ အနာဂတ်ကာလတွင် အမေရိကန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထရမ့်က ပြောကြားသည်။

ယခုအခွန်စည်းကြပ်မည့်နိုင်ငံများတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ပါဝင်သည်။

ကမ္ဘာ့နိုင်ငံများမှ ထုတ်လုပ်သည့် သံမဏိနှင့် အလူမီနီယံပို့ကုန်များအပေါ် အခွန်စည်းကြပ်ရန် အမေရိကန်နိုင်ငံ၏ ဆောင်ရွက်ချက်သည် အနုတ်သဘောဆောင်သည့် ရလဒ်သာရရှိလိမ့်မည်ဟု ဥရောပကော်မရှင်အကြီးအကဲ ဗွန်ဒါလီယံက ပြောကြားသည်။

ယခုကဲ့သို့ကမ္ဘာ့နိုင်ငံများမှတင်သွင်းသည့် သံမဏိနှင့် အလူမီနီယံကုန်ပစ္စည်းများကို အခွန်မြှင့်တင်ကောက်ခံခြင်းဖြင့် အမေရိကန်နိုင်ငံတွင် အနာဂတ်ကာလ၌ သံမဏိနှင့် အလူမီနီယံကုန်ပစ္စည်းများ ဈေးတက်လာမည်ဖြစ်ကာ စက်မှုလုပ်ငန်းများအတွက် ထိခိုက်မှုများ ရှိလာနိုင်သည်ဟု အမေရိကန်နိုင်ငံ ပီတာဆန်နိုင်ငံတကာ စီးပွားရေးအင်စတီကျုမှ တာဝန်ရှိသူ ဂရေီကလိုက်က ပြောကြားသည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ကားများနှင့် ဆေးဝါးကဏ္ဍတို့အပေါ်တွင်လည်း အလားတူအခွန်များစည်းကြပ်ရန် စီစဉ်နေကြောင်း အမေရိကန်အစိုးရက ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံမှုမြှင့်တင်သည့် မည်သည့်နိုင်ငံမဆို တူညီသောအကျိုးရရှိစေလိမ့်မည်ဟု ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှော့ဇ်ကပြောကြားသည်။

ကိုးကား -အင်န်အိတ်ချ်ကေ
ဘာသာပြန် -စိုးသူရ

# ဓားစာခံများကိုလွှတ်မပေးပါက အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရုပ်သိမ်းမည်ဟု အစ္စရေးဝန်ကြီးချုပ် ပြောကြား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂**

ဟားမတ်စ်အဖွဲ့အနေဖြင့် ထိန်းသိမ်းထားသည့် ဓားစာခံများကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းနောက်ဆုံးထား၍ မလွှတ်ပါက အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ရုပ်သိမ်းမည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ယမန်နေ့တွင် သတိပေးပြောကြားသည်။

အစ္စရေးအစိုးရသည် ဟားမတ်စ်အဖွဲ့အား အမြစ်ပြတ်ချေမှုန်းနိုင်သည်အထိ တိုက်ခိုက်သွားရေးအတွက် အစိုးရအဖွဲ့အစည်းအဝေးတွင် သဘောတူညီချက်ရရှိခဲ့ကြောင်း နေတန်ယာဟုကပြောကြားသည်။

ဟားမတ်စ်အဖွဲ့က ဓားစာခံများအား လွှတ်ပေးရန်အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ရုပ်သိမ်းပြီး ဟားမတ်စ်အဖွဲ့အား အမြစ်ပြတ်ချေမှုန်းရန် အမေရိကန်သမ္မတထရမ့်က အစ္စရေးအားတောင်းဆိုခဲ့ရာ ယင်းတောင်းဆိုချက်ကို အစ္စရေးအစိုးရအဖွဲ့က သဘောတူခဲ့သည်။ သို့ရာတွင် အစ္စရေး၏ တိုက်ခိုက်မှုကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရပ်ဆိုင်းခဲ့ရသည်ဟု ဟားမတ်စ်အဖွဲ့က ပြောကြားသည်။



ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အီရန်နိုင်ငံ၏ (၁၈) ကြိမ်မြောက် နိုင်ငံတကာ ခရီးသွားလာရေးနှင့် ဆက်စပ်စက်မှုလုပ်ငန်းပြပွဲ ကျင်းပ

**တီဟီရန် ဖေဖော်ဝါရီ ၁၂**

အီရန်နိုင်ငံ၏ (၁၈)ကြိမ်မြောက် နိုင်ငံတကာ ခရီးသွားလာရေးနှင့် ဆက်စပ်စက်မှုလုပ်ငန်း ပြပွဲကို အီရန်နိုင်ငံ မြို့တော် တီဟီရန်၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ တူရကီယဲ၊ ရုရှားနှင့် ဘရာဇီးနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

အီရန်နှင့် နိုင်ငံခြားကုမ္ပဏီ စုစုပေါင်း ၇၀၀ ခန့် ပါဝင်ဆင်နွှဲလျက်ရှိသည်။

လေးရက်ကြာမြင့်မည့် အဆိုပါပြပွဲသည် အီရန်နိုင်ငံ၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သော ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို ဖော်ဆောင်ပေးလျက်ရှိသည်။

ပြပွဲသို့ လာရောက်သူများသည် အီရန်ရိုးရာ ဂီတဖျော်ဖြေပွဲများအပါအဝင် အီရန်လူမျိုးစုအမျိုးမျိုး၏ ယဉ်ကျေးမှုပြခန်းများကို တွေ့ကြုံခံစားနိုင်မည်ဖြစ်သည်။

ခရီးသွား လုပ်ငန်းသည် စည်းလုံးညီညွတ်မှုနှင့် သာယာဝပြောမှုကို တိုးပွားစေပြီး အီရန်၏ ရင်းနှီးဖော်ရွေပြီး ဧည့်ဝတ်ကျေပွန်မှုကို မီးမောင်းထိုးပြကြောင်း အီရန်သမ္မတ မာဆော့ဇ်ပီဇက်ရှ်ကီယန်က ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ပါကစ္စတန်နိုင်ငံရှိ အကျဉ်းထောင်များမှ ပြန်လွှတ်ပေးခဲ့သည့် အာဖဂန်နစ္စတန်နိုင်ငံသားများ နေရပ်ပြန်လည်ရောက်ရှိ

**ကဘူးလ် ဖေဖော်ဝါရီ ၁၂**

ပါကစ္စတန်နိုင်ငံရှိ အကျဉ်းထောင်များမှ ပြန်လွှတ်ပေးခဲ့သည့် အာဖဂန်နစ္စတန်နိုင်ငံသား ၈၄ ဦးသည် အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနက ယနေ့တွင် ပြောကြားသည်။


၎င်းတို့သည် ပါကစ္စတန်နိုင်ငံတွင် တရားဝင်အထောက်အထား ပြည့်စုံစွာမရှိခြင်းကြောင့် ထိန်းသိမ်းခံရခြင်းဖြစ်ပြီး အကျဉ်းထောင်များတွင် နှစ်လကြာ ထိန်းသိမ်းခံခဲ့ရသည်။

ပြီးခဲ့သည့် သီတင်းပတ်ကလည်း ပါကစ္စတန်တာဝန်ရှိသူများက အာဖဂန်နစ္စတန်နိုင်ငံသား ၉၁ ဦးကို ထိန်းသိမ်းထားရာမှပြန်လွှတ်ပြီး အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် လက်ရှိအချိန်၌ အာဖဂန်နစ္စတန်နိုင်ငံသားနှစ်သန်းကျော် နေထိုင်လျက်ရှိရာ အထောက်အထားမဲ့နေထိုင်သူများအား နေရင်းနိုင်ငံသို့ပြန်ရန် ပါကစ္စတန်တာဝန်ရှိသူများက သတိပေးခဲ့သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန် -စိုးသူရ




## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၃)၊ မြေကွက်အမှတ်(၇၇၉)၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေပေအကျယ် (၄၀ပေ x ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၇၉)၊ သံလွင်လမ်း၊ (၆၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသီဟထွန်း [၁၂/ဒလန(နိုင်)၁၀၀၈၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ၁။ ဦးနေဇော်အောင် [၁၂/သကတ (ပြု)၀၀၁၆၀၄]၊ (၂) ဦးဟန်တင့် [၁၂/သကတ(နိုင်)၂၁၆၉၃၆] တို့က ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ မြေ၊ အဆောက်အဦအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရှေ့ကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-22 W², မြေကွက်အမှတ်-၁၉၂၊ အကျယ်အဝန်း(၂၆ ပေ ၆လက်မ/၂၅ ပေ ၆ လက်မ x ၅၀ ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ် - ၈၃၊ ဝါးတန်းလမ်း၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် (၂)ခန်းတွဲ(၈)ထပ်တိုက်အဆောက်အဦရှိ အကျယ်အဝန်း (၁၃ပေ x ၅၀ ပေ) ရှိသော အခန်းအမှတ်- A(၈-လွှာ)ခေါင်းရင်းခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး**တို့သည်(၁၂-၁-၂၀၂၅) ရက်စွဲပါ ဆက်စပ်စာချုပ်အရ ရောင်းသူများဖြစ်သော ဦးဝင်းဝင်းထွန်း [၁၂/အလန(နိုင်) ၀၂၀၄၈၉]နှင့် ဒေါ်မိုးမိုးအောင် [၁၂/လမတ(နိုင်)၀၁၈၉၉၁]တို့ (၂)ဦးမှ အရှုပ်အရှင်းကင်းရှင်းစွာပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၆) လမ်း၊ တိုက်အမှတ်(၁၅၃၅/က+ခ)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ ၆-လွှာ(ယာ)၊ အကျယ်အဝန်း (၁၈ပေ x ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းအေး [၁၂/ သကတ (နိုင်)၀၀၃၂၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီစိုး[၁၀/သဖရ(နိုင်) ၀၀၀၈၄၁] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရှေ့ကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း -၀၉၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကုက္ကိုလှအုပ်စု၊ ဆယ်ရွာကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော အဖ ဦးဇော်မင်းခိုင် [၈/ ပခက(နိုင်)၂၀၅၇၈၂]နှင့် အမိ ဒေါ်မိုးမိုးကြူ [၈/ပခက(နိုင်)၂၀၅၈၀၃]ကိုင်ဆောင်သူတို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မင်းခိုင် နှင့် ဒေါ်မိုးမိုးကြူတို့၏သားဖြစ်သူ မောင်ရဲထက်လင်း(ခ)မောင်ဖိုးတစ်ဆယ် [၈/ပခက(နိုင်)၃၄၄၄၃၇]သည် မိဘ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိဘအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲစေသောအပြုအမူများ အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ဖခင်ဦးဇော်မင်းခိုင်နှင့် မိခင် ဒေါ်မိုးမိုးကြူတို့မှ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ( စုံစမ်းမေးမြန်းခြင်းသီးခံပါ။ )

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာအောင် ( LLB, D.B.L, Dip in HR )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၅၀)**
**အမှတ်-၃၄/၄၉၊ အခန်း(၁၄)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း**
**(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၆၉၂၂၂၀၁၀၀၊ ၀၉-၉၄၆၉၄၆၃၂၆**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

# CMP လုပ်ငန်းများအနက် အမျိုးသမီးဖိနပ်မျိုးစုံ၊ Travel Bag၊ အားကစားဖိနပ်နှင့် အားကစားဝတ်စုံများချုပ်သည့်စက်ရုံများ အော်ဒါရရှိမှု ကောင်းမွန်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

CMP လုပ်ငန်းများတွင် အမျိုးသမီးဖိနပ်မျိုးစုံ၊ Travel Bag၊ အားကစားဖိနပ်နှင့် အားကစားဝတ်စုံများ ချုပ်သည့်စက်ရုံများ အော်ဒါရရှိမှုကောင်းမွန်နေကြောင်း လုပ်ငန်းရှင်အသိုင်းအဝိုင်းမှ သိရသည်။


CMP အထည်ချုပ်စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို တွေ့ရစဉ်။

“လက်ရှိအခြေအနေမှာ အကိုက်ဆုံးက ဖိနပ်ချုပ်တဲ့သူတွေ ကိုက်တယ်။ Lady Shoes အမျိုးသမီးဖိနပ်မျိုးစုံ ထုတ်တဲ့စက်ရုံတွေကတော့ နှစ်ကုန်တဲ့အထိ အော်ဒါကောင်းနေတယ်လို့ သိရတယ်။ နောက်ပြီး ခရီးသွားရာသီလည်း ဖြစ်တော့ Travel Bag ချုပ်တဲ့အဖွဲ့တွေကလည်း အော်ဒါကောင်းတယ်။ အားကစားဖိနပ်ချုပ်တဲ့ စက်ရုံတွေကလည်း အော်ဒါအလွန်ကောင်းတယ်။ Sportswear ချုပ်တာတွေ များလာတယ်”ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ လတ်တလောတွင် အထည်ချုပ်လုပ်ငန်းများအနေဖြင့် ယခင်ရရှိထားသည့် အော်ဒါများကို သကြၤန်မတိုင်မီ တင်ပို့နိုင်ရန် ဆောင်ရွက်နေကြပြီး သကြၤန်ကာလအပြီး အော်ဒါရရှိမှုအပိုင်း၌လည်းလတ်တလောအနေအထားအရ ထူးထူးခြားခြား အပြောင်းအလဲမရှိပါက အော်ဒါရရှိမှု ဆက်လက်ကောင်းမွန်နေကြောင်း သုံးသပ်ပြောကြားသည်။

“လတ်တလော သကြၤန်အထိကတော့ ပြည်ပကအော်ဒါရရှိမှု ကောင်းမွန်နေတယ်။ မတ်လလောက်မှာတော့ သကြၤန်အကြိုအတွက် အော်ဒါတွေရနိုင်မယ်ထင်တယ်။ အဲဒီတော့ ဒီလကုန်၊ မတ်လလောက်မှာတော့ နောက်နှစ်အော်ဒါတွေရဲ့ အခြေအနေကို သိရမှာပါ” ဟု အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ လုပ်သားအသစ်များကို အထည်ချုပ်စက်ရုံများအနေဖြင့် အခမဲ့သင်တန်းပေး၍ လုပ်ငန်းခွင်တွင် အလုပ်ခန့်ထားသည့် စနစ်များလည်းရှိနေ၍ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု ပိုမိုကောင်းမွန်ပြီး စိတ်ဝင်တစားလာရောက် လုပ်ကိုင်သူများလည်း ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) က ကြီးမှူး၍ အထည်ချုပ်စက်ရုံများနှင့် နယ်ဝေးမှ အလုပ်အကိုင်ရှာဖွေနေသူများ၊ အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ရန် စိတ်ဝင်စားသူတို့အကြား ချိတ်ဆက်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်ကာ အထည်ချုပ်လုပ်ခြင်းဆိုင်ရာ သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်တို့ကို လက်တွေ့သင်ကြားမှုဖြင့် အခြေခံမော်တာစက်ချုပ်သင်တန်းများ ဖွင့်လှစ်ပေးကြောင်း သိရသည်။

**မေသက်**

■

☆ **ချန်ပီယံလိဂ်မှ**

ဂျူဗင်တပ်အသင်းနဲ့ ပီအက်စ်ဗွီအသင်းတို့ပွဲစဉ်မှာတော့ ဂျူဗင်တပ်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးတွေကို ၃၄ မိနစ်မှာ မက်ကင်နီကတစ်ဂိုး၊ ၈၂ မိနစ်မှာ အမ်ဘန်ဂူလာက တစ်ဂိုးသွင်းယူပေးခဲ့ကာ ပီအက်စ်ဗွီအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၅၆ မိနစ်မှာ ပါရီဆစ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်မှာတော့ မန်စီးတီးအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၉ မိနစ်မှာ ရရှိခဲ့တဲ့ တိုက်စစ်မှူးဟာလန်းရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ဟာလန်းက သွင်းယူပေးခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ အမ်ဘတ်ပီ၊ ဘရာဟင်ဒိုင်ယက်ဇ်နဲ့ ဘယ်လင်ဂမ်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

စပို့တင်းအသင်းနဲ့ ဒေါ့မွန်အသင်းတို့ ပွဲစဉ်မှာတော့ ဒေါ့မွန်အသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့လို့ အဝေးကွင်းမှာ နိုင်ပွဲရရှိခဲ့တာကြောင့် နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိရေး နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။ **ငွေကြယ်**

## (၆-၂-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ ၂၂ တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်မိုးမိုးအေး၊ ဒေါ်တင်ဇာနည်နေဝင်း အထက်တန်းရှေ့နေ ဒေါ်အင်ကြင်းမိုမို တို့၏ "ကန့်ကွက်နိုင်ပါသည်" ကြေညာချက်အပေါ် ကန့်ကွက်ကြောင်းကြေညာခြင်း

ဒေါ်ခိုင်မဥ္ဇူလတ်[၁၂/ဗဟန(နိုင်)၀၀၀၉၄၀](ဦးရန်အောင်နိုင်၏အထွေထွေကိုယ်စားလှယ်စာရသူ)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/ကံဘဲ့၊ မြေကွက်အမှတ်(၂၃/စ-၄)၊ ဧရိယာ(၀.၀၅၇)ဧကရှိ (လ/န-၃၉)ရပြီး မြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးရန်အောင်နိုင်[၁၂/ဗဟန(နိုင်)၀၇၆၅၄၃]နှင့် ဒေါ်ခင်ခင်ဆွေ[၁၂/ပဇတ (နိုင်)၀၂၈၆၄၅]တို့ နှစ်ဦးအတူပိုင်ပစ္စည်းဖြစ်ပါသည်။ ဦးရန်အောင်နိုင်မှ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃ တွင် "**လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု**"ဖြင့် ဒေါ်ခင်ခင်ဆွေအား တရားစွဲဆိုထားပြီးဖြစ်ပါသည်။ နှစ်ဦးအတူပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ ပစ္စည်းခန်းနှင့်ပတ်သက်၍ အပြီးသတ်ဒီကရီချမှတ်ရသေးခြင်းမရှိမီ၊ ဦးရန်အောင်နိုင်၏ ပူးတွဲအကျိုးခံစားခွင့်တည်မြဲလျက်ရှိနေခြင်းအပေါ် ဆန့်ကျင်၍ ဒေါ်ခင်ခင်ဆွေတစ်ဦးတည်း သဘောဆန္ဒနှင့် လွှဲပြောင်းရောင်းချခွင့်မရှိသည့်အတွက် (၆-၂-၂၀၂၅)ရက်နေ့ ကြေးမုံသတင်းစာ ကြော်ငြာပါ အရောင်းအဝယ်ကိစ္စအား ဆိုင်ရေးဆိုင်ခွင့်ရှိသူ ဒေါ်ခိုင်မဥ္ဇူလတ်(ဦးရန်အောင်နိုင်၏ အထွေထွေကိုယ်စားလှယ်စာရသူ)မှ ကန့်ကွက်ကြောင်း အများသိစေရန် လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်မဥ္ဇူလတ် (ဦးရန်အောင်နိုင်၏အထွေထွေကိုယ်စားလှယ်စာရသူ)၏လွှဲအပ်ချက်အရ-**
**ဦးမျိုးမောင်မောင်စိုး (စဉ်-၁၀၂၈၄)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးသန့်ဇင်လှိုင် (စဉ်-၅၀၈၃၈/၂၀၁၉)** **ဦးအောင်နိုင်ဦး (စဉ်-၅၃၈၆၆/၂၀၂၀)**
**ဦးသီဟဇော်လတ် (စဉ်-၅၅၇၉၀/၂၀၂၃)**
**အထက်တန်းရှေ့နေများ**
**တိုက်(၄၁)၊ အခန်း(၁၃)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၉၉၁၉၉၆၉၊ ၀၉-၆၉၂၇၈၀၉၆၉**

